The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (11-1-2015) (၈၀၈၂)

## အကျင့်ပညာအသိကောင်းဖို့

- ❖ မျိုးဆက်သစ်ရတနာ မှတ်ကြပါကွဲ့ နောင်ကာလရဲ့ ညွန့်ဖူးတွေ၊
- ❖ အကျင့်ပညာ အသိကောင်းမှ သားကောင်း သမီးကောင်းဖြစ်မည်ပေ။
- ❖ အကျင့်ပညာ အသိကောင်းဖို့ မိဘဆရာကောင်း မှီဝဲစေ၊
- ❖ အကျင့်ပညာ အသိကောင်းဖို့ နေရာကောင်းမှာ ရှိကြစေ၊
- ❖ မိမိစိတ်ကို ကောင်းစွာထိန်းလို့ မတိမ်းစေနဲ့ ခိုင်ကျည်စေ၊
- ❖ မိမိစိတ်ကို ကောင်းစွာထားတော့ အကျင့်ပညာကောင်း ရမည်ပေ၊
- ❖ အကျင့်ပညာ ကောင်းစွာရတော့ သားကောင်း သမီးကောင်းဖြစ်မည်ပေ၊ ကြိုးစားမလေ. . . ကြိုးစားစေ။

(ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာစာအုပ်မှ)

# ထာဝရငြိမ်းချမ်းရေးရရှိရန် ဒေသခံပြည်သူအားလုံး အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်၌ တက်ရောက်လာကြသူများနှင့်အတူ တပျော်တပါး ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အဖွဲ့ဝင်များနှင့်အတူ (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော်ကျင်းပသည့် စီတာပူမနောကွင်းသို့ ရောက်ရှိကြရာ နိုင်ငံတော်သမ္မတအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ဇနီးတို့က ကချင်တိုင်းရင်းသားရိုးရာအင်္ကျီ၊ ခေါင်းပေါင်း၊ လွယ်အိတ်နှင့် ရိုးရာဓားတို့ကို ဂါရဝပြုဝတ်ဆင်ပေးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ မနောကွင်းသို့ ရောက်ရှိချိန်တွင် ကချင်ပြည်နယ်နေ့နှင့် မနောပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိနေကြသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များက သောင်းသောင်းဖြဖြ ကြိုဆိုကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ကို တက်ရောက်လာကြသူများနှင့်အတူ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကချင်မနောအိမ်တော်၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

### ထူးခြားသည့် ညအပူချိန်များ

ဟားခါး
-၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၃ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်
၃ ဒီဂရီစင်တီဂရိတ်

# မြိတ်ဒေသသို့ နိုင်ငံခြားသားများလာရောက်လည်ပတ်မှု ပိုမိုများပြားလာ အဆင့်မြင့်ဟိုတယ်များ တိုးမြှင့်ဖွင့်လှစ်

**မြိတ် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသသည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့်အညီ ပင်လယ်ရှုခင်းများ၊ တောတောင်များဖြင့် စိမ်းစိုနေသည့် ရေပေါ်ကျွန်းများ၊ သန္တာကျောက်တန်းများ စသည့် သဘာဝအလှများဖြင့် ဆွဲဆောင်မှုရှိသည့်အပြင် ဒေသတွင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးသားဖော်ရွေမှု၊ တစ်မူထူးခြားသည့် ဓလေ့နှင့်ရိုးရာပွဲတော်များ၊ ရှေးဟောင်းသမိုင်းဝင်မြို့များ တည်ရှိနေခြင်းကြောင့် လာရောက်လည်ပတ်သည့် ခရီးသွားပြည်သူများအား စိတ်အေးချမ်းသာကြည်နူးမှုကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် ရေလုပ်ငန်းကို အခြေပြုလုပ်ကိုင်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်လျက်ရှိသည့်အပြင် တစ်ဖက်ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်လာသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်၍ အထပ်မြင့်တိုက်များဖြင့် မြို့၏အင်္ဂါရပ်မှာလည်း အဆင့်မြင့်လျက်ရှိသည်။ မြိတ်ဒေသနှင့် တစ်ဖက်ထိုင်းနိုင်ငံနယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သည့် မောတောင်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းလူမျိုးများ မြိတ်ဒေသအတွင်း လာရောက်လည်ပတ်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၆၃၄၀ ဦးရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၈၆၂၅ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။ ထို့အပြင် မြိတ်ဒေသသို့ လာရောက်လည်ပတ်သည့် တခြားနိုင်ငံခြားသားများမှာ ၂၀၁၄ ခုနှစ်တွင် ၂၄၂၀ ဦးရှိခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❋

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။



# စီအိုင်အေညွှန်မှူးဟောင်း စွဲချက်တင်ခံရဖွယ်ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်ပြည်ထောင်စုတွင် စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဒေးဗစ်ပီးထရေ့ကို ၎င်း၏ ရည်စားဟောင်းတစ်ဦးအား အစိုးရလျှို့ဝှက်သတင်းအချက်အလက်များ ပေးအပ်ခဲ့မှုဖြင့် တရားစွဲရန် အစိုးရရှေ့နေများက ထောက်ခံကြောင်း 'နယူးယောက်တိုင်း(မ်)သတင်းစာ' က ယနေ့ဖော်ပြသည်။

အမည်မဖော်လိုသော တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြခြင်းဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့် ဗိုလ်ချုပ်ကြီးဟောင်း မစ္စတာပီးထရေ့သည် ၎င်းနှင့် မစ္စ ပေါ်လာဘရော့ဝဲလ် တို့၏ အချစ်ဇာတ်လမ်းအပြည့် အစုံပေါ်ထွက်လာခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် စီအိုင်အေအကြီးအကဲရာထူးမှ နုတ်ထွက်ခဲ့သည်။

၎င်းရာထူးမယူမီက အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာပီးထရေ့သည် စီအိုင်အေညွှန်ကြားရေးမှူးဖြစ်စဉ်က စီအိုင်အေ၏ အီးမေးလ်စကားဝှက်များနှင့် အစိုးရလျှို့ဝှက်သတင်းများအား မစ္စဘရော့ဝဲလ်သို့ ပေးအပ်ခဲ့ခြင်းရှိ၊မရှိကို အမေရိကန်တရားရေးဌာနက သုံးသပ်လျက်ရှိသည်ဟု သတင်းစာက ရေးသားသည်။

စီအိုင်အေရာထူးမှ ၎င်းနုတ်ထွက်ပြီးနောက် အစိုးရလျှို့ဝှက်စာရွက်စာတမ်းများကို မစ္စဘရော့ဝဲလ်၏ ကွန်ပျူတာထဲတွင် အက်ဖ်ဘီအိုင်အရာရှိများက ရှာဖွေတွေ့ရှိခဲ့သည်။

အက်ဖ်ဘီအိုင်နှင့် အမေရိကန်တရားရေးဌာနများက ရာဇဝတ်ကြောင်းအရ တရားစွဲဆိုရန် ထောက်ခံခြင်းကြောင့် မစ္စတာ ပီးထရေ့ကို စွဲချက်တင်ရန်၊ မတင်ရန် ဆုံးဖြတ်ရေးသည် ရှေ့နေချုပ် အင်းရစ်ဟိုလ်ဒါး၏ တာဝန်ဖြစ်လာခဲ့သည်။

ဗိုလ်ချုပ်ကြီးဟောင်းသည် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပါက ထောင်ဒဏ်အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။

၎င်း၏ရှေ့နေက မည်သို့မျှ သဘောထားထုတ်ပြန်ခြင်းမပြုပေ။

**ဘီဘီစီ။**

## ဩစတြေးလျ အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့က အမျိုးသားနှစ်ဦးကို ဖမ်းဆီး

**ဆစ်ဒနီ ဇန်နဝါရီ ၁၀**

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသည့်တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်နေသူများကို ထောက်ခံသူများအား အချိန်ကြာမြင့်စွာစုံစမ်းပြီးနောက် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက အမျိုးသားနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆစ်ဒနီမြို့ အနောက်တောင်ပိုင်းရှိ အဆောက်အအုံလေးလုံးကို ဝင်ရောက်စီးနင်း၍ (၃၃) နှစ်ရှိအမျိုးသားတစ်ဦးကို တရားမဝင်လက်နက်ပိုင်ဆိုင်မှုဖြင့် သောကြာနေ့တွင် ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လွန်ခဲ့သည့်လက ဝင်ရောက်စီးနင်းမှုတွင် လိုင်စင်မဲ့လက်နက်ခဲယမ်းများကို တွေ့ရှိခဲ့ရာ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ (၂၁) နှစ်ရှိအမျိုးသားတစ်ဦးကို သောကြာနေ့တွင် ဖမ်းဆီးခဲ့သည်။

အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၌ အစ္စလာမ္မစ်စစ်သွေးကြွများတွင် ဩစတြေးလျနိုင်ငံ သား ၇၀ ကျော် ပါဝင်တိုက်ခိုက်လျက်ရှိကြောင်း အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

**ပီတီအိုင်။**

□□



**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇန်နဝါရီ ၈ ရက်က ဖိလစ်ပိုင်စာတိုက် ကော်ပိုရေးရှင်း အလုပ်သမားတစ်ဦးက ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်ကို ကြိုဆိုသည့် တံဆိပ်ခေါင်းအား ကိုင်ဆောင်ထားစဉ်။**

## ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ် အာရှခရီးစဉ် ဒုတိယအကြိမ်လာရောက်မည်

**ကိုလံဘို ဇန်နဝါရီ ၁၀**

ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်သည် ဇန်နဝါရီ ၁၂ ရက်မှ ၁၉ ရက်ထိ အာရှနိုင်ငံများသို့ ဒုတိယအကြိမ်အဖြစ် အလည်အပတ်ခရီးလာရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်းသီရိလင်္ကာနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ လာရောက်မည်ဖြစ်ပြီး ကိုးကွယ်ရာဘာသာမတူသူအချင်းချင်းညီညွတ်မှုရှိစေရေး၊ ဆင်းရဲမှုပပျောက်စေရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့ကို ဦးစားပေးဟောပြောမည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်သည် ခြောက်လအတွင်း ဒုတိယအကြိမ်မြောက် အာရှခရီးစဉ်ဖြစ်သည်။

နှစ်နိုင်ငံလုံခြုံရေးကို တင်းကျပ်လိမ့်မည်ဖြစ်ပြီး အထူးသဖြင့် အာရှ၏ခရစ်ယာန်ဘာသာဝင် အများဆုံးနေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံတွင် လုံခြုံရေးတိုးမြှင့်မည်ဖြစ်သည်။ ဇန်နဝါရီ ၁၈ရက်တွင် ဖိလစ်ပိုင်နိုင်ငံတွင် ပုပ်ရဟန်းမင်းကြီး၏ လူထုတွေ့ဆုံဟောပြောပွဲကို ခြောက်သန်းခန့်ရှိသော ပြည်သူများက တက်ရောက်ဖွယ်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံခရီးစဉ်အတွင်း ၂၀၁၃ ခုနှစ်တွင် တိုင်ဖုန်းမုန်တိုင်း ဟေရန်တိုက်ခတ်မှုကြောင့် လူပေါင်း ၆၃၀၀သေဆုံးခဲ့သည့် တာကလိုဘန်မြို့သို့သွားရောက်မည်ဖြစ်ကြောင်းသိရသည်။

**ရိုက်တာ။**

## ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် အကြမ်းဖက်သမားများအား အသေဖမ်းမိ

ပါရီ ဇန်နဝါရီ ၁၀

**ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် အကြမ်းဖက်သမားများ၏ ဓားစာခံများဖမ်းဆီးထားသော နေရာနှစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ရာ သေနတ်သမားသုံးဦးနှင့် ဓားစာခံလေးဦး သေဆုံးခဲ့ကြောင်းသိရသည်။**

ဗုဒ္ဓဟူးနေ့က ချာလီဟတ်ဒိုမဂ္ဂဇင်းတိုက်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သော အကြမ်းဖက်သမားညီအစ်ကိုနှစ်ဦးသည် လုံခြုံရေးတပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်စဉ် သေဆုံးခဲ့သည်။

ပါရီမြို့အရှေ့ပိုင်းတွင် သေနတ်သမားတစ်ဦးက ဓားစာခံများအား ဖမ်းဆီးထားသော စူပါမားကတ်တစ်ခုကို အကြမ်းဖက်ဆန့်ကျင်ရေးအဖွဲ့များက ဝင်ရောက်စီးနင်းရာ သေနတ်သမားနှင့် ဓားစာခံလေးဦးသေဆုံးခဲ့သည်။ ဓားစာခံလေးဦးနှင့်ရဲအရာရှိနှစ်ဦးတို့ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။

မဂ္ဂဇင်းတိုက်ကိုအကြမ်းဖက်ခဲ့သော ညီအစ်ကိုနှစ်ဦးကို ဖမ်းဆီးလျှင် အဆိုပါသေနတ်သမားသည် ၎င်းဖမ်းထားသော ဓားစာခံများကို ပစ်သတ်လိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

အဆိုပါတိုက်ခိုက်ရေးဆင်နွှဲမှုများသည် နိုင်ငံ့ဂုဏ်ကို ကျဆင်းစေသည့် ဆိုးရွားသောဖြစ်ရပ်များဖြစ်သည်ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ပြောသည်။ လုံခြုံရေးတပ်ဖွဲ့များ၏ ရဲစွမ်းသတ္တိကို ချီးမွမ်းခဲ့ပြီး ပြည်သူများအနေဖြင့် စည်းလုံးမှုရှိစေရန် ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားခဲ့သည်။

**ဘီဘီစီ။**

## တရုတ်ပြည်မကြီးမှ မကာအိုသို့ မူးယစ်ဆေး တရားမဝင်ကုန်ကူးသည့် ဂိုဏ်းအား ရဲတပ်ဖွဲ့ ဖြိုခွင်း

**ကျူဟေး ဇန်နဝါရီ ၁၀**

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်မှ မကာအိုသို့ မူးယစ်ဆေးဝါးများ တရားမဝင်ကုန်ကူးသည့် ဂိုဏ်းတစ်ဂိုဏ်းအား ဖမ်းဆီးလိုက်ကြောင်း ဒေသန္တရရဲတပ်ဖွဲ့က ဇန်နဝါရီလ ၁၀ ရက်တွင် ပြောကြားလိုက်သည်။ သံသယရှိသူ ခုနစ်ဦးအား ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ကျူဟေးမြို့ရှိ အဆင့်မြင့် လူနေရပ်ကွက်တစ်ခုအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မကာအိုရဲတပ်ဖွဲ့သည် မူးယစ်ဆေးသုံးစွဲသူနှင့် ရောင်းချသူ အယောက် ၄၀ အား ဖမ်းဆီးခဲ့ပြီး ကိုကင်း ၆၄၅ ဒသမ ၇၇ ဂရမ်၊ ကီတာမင်း ၉၄ ဒသမ ၁၂ ဂရမ်၊ မီသာဖက်တမင်း ၆၅ ဒသမ ၄၈ ဂရမ်၊ ဆေးခြောက် ၂၂ ဒသမ ၂၂ ဂရမ်နှင့် မီသာဖက်တမင်းနှင့် ကဖင်း ပေါင်းစပ်ထားသည့် စိတ်ကြွဆေးတစ်မျိုးဖြစ်သည့် မီဂူး ဆေးပြား ၁၈ ပြား ဖမ်းဆီးမိခဲ့သည်။ ကျူဟေး ပြည်သူ့လုံခြုံရေးဗျူရို မီဒီယာရုံးမှ ရဲအရာရှိတစ်ဦးဖြစ်သူ ဝမ်ယုချန်၏ အဆိုအရ ၎င်းတို့သည် မူးယစ်ဆေးရောင်းချသူ အုပ်စုတစ်စုကို ကျူဟေးမှ မကာအိုသို့ မူးယစ်ဆေးများ သယ်ဆောင်ကာ ဖျော်ဖြေပွဲရှိသည့် နေရာများတွင် မကြာခဏဆိုသလို ရောင်းချလေ့ရှိသည်ဟု ပြီးခဲ့သည့် နိုဝင်ဘာလက သတင်းရရှိထားကြောင်း သိရသည်။

ကျူဟေးနှင့် မကာအိုမှ ရဲတပ်ဖွဲ့များသည် သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် တရားမဝင်မူးယစ်ဆေးကုန်ကူးမှုများအား တိုက်ဖျက်ရန် ၂၀၀၄ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့သည်။ **ဆင်ဟွာ။**

# ယူရို ၅၀ တန် ငွေစက္ကူအတုများ အီတလီ၌ သိမ်းဆည်းရမိ

ရောမ ဇန်နဝါရီ ၁၀

**အီတလီနိုင်ငံ၌ ယူရို ၅၀ တန် ငွေစက္ကူအတု ရွက်ရေ တစ်သန်းကျော်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း၊ လှည့်ပတ်သုံးစွဲငွေအဖြစ် ငွေစက္ကူအတုများကို သုံးစွဲလုနီးအခြေအနေတွင် ယင်းသို့သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။**

အီတလီနိုင်ငံ နေပယ်လ်မြို့တောင်ဘက်ရှိ ပုံနှိပ်တိုက်တစ်ခုကို ဘဏ္ဍာရေးဆိုင်ရာ ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့ရာတွင် ပုံနှိပ်ဆဲအဆင့်ရှိ ငွေစက္ကူအတု ရွက်ရေ ၁၀၁၂၈၀၀ ကို သိမ်းဆည်းရမိပြီး လူငါးဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့၏ သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ငွေစက္ကူအတုအချို့ကို ကြမ်းပြင်အောက်ဘက်ရှိ မြေအောက်လျှို့ဝှက်သိုလှောင်ခန်းတစ်ခန်းအတွင်း၌ ရှာဖွေတွေ့ရှိခဲ့သည်။

ငွေစက္ကူအတုရိုက်နှိပ်သည့် ပုံနှိပ်သူသုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ငွေစက္ကူအတု ရိုက်နှိပ်သည့်အုပ်စုကို ဦးဆောင်သူများအဖြစ် မသင်္ကာဖွယ်ဖြစ်သည့် ညီအစ်ကိုနှစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

နေပယ်လ်မြို့တောင်ဘက်ရှိ စက်မှုလုပ်ငန်းထွန်းကားရာမြို့နှစ်မြို့တွင် ရဲတပ်ဖွဲ့က စစ်ဆင်ရေးပြုလုပ်ကာ ငွေစက္ကူအတုပြုလုပ်သူများကို ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ နေပယ်လ်မြို့သည် ယူရိုငွေစက္ကူအတု ပြုလုပ်သူများ အဓိကလှုပ်ရှားရာ နယ်မြေဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလကလည်း ငွေစက္ကူအတုများကို အလားတူ သိမ်းဆည်းရမိခဲ့သည်။

**ပီတီအိုင်။**



ပြည်တွင်းရေးရာ

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အထူးစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သဘာပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလက ဩဝါဒစကား မြွက်ကြားတော်မူခဲ့သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများနှင့် လုပ်ငန်းစဉ်များကို လျှောက်ထားသည်။

ပြီးနောက် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ဆွေးနွေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေးနွေးလိုသည့် အချက်အလက်များကို ဆက်လက်ဆွေးနွေးလျှောက်ထားခဲ့သည်။

ဆွေးနွေးလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကိုချမှတ်ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားခဲ့သည်။

ထို့နောက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ထရန်စဖော်မာတိုးချဲ့တပ်ဆင်



**ကျောက်တန်း ဇန်နဝါရီ ၁၀**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က တောင်ပိုင်းခရိုင် တံတားမြို့နယ်အတွင်း အများပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အမှတ်(၁)ရပ်ကွက် မြို့မလမ်းတွင် 100 KVA ထရန်စဖော်မာတစ်လုံးအား ဇန်နဝါရီ ၉ ရက်က တိုးချဲ့တပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



# ကွန်ပျူတာသင်တန်းဖွင့်

**ရေဦး ဇန်နဝါရီ ၁၀**

ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ မူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသသည် နိုင်ငံပေါင်းများစွာတွင်လှည့်လာပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများ တတ်မြောက်အောင်မြင်ရန်၊ ပါရမီထူးများရရှိရန် စိတ်ရည်သန်၍ ၁၉၉၆ ခုနှစ်မှ ယခုအချိန်ထိ ကွန်ပျူတာအလုံးပေါင်း ၄၀ ခန့် လှူဒါန်းခဲ့ပြီး သံဃာတော်များ၊ တက္ကသိုလ်ဆရာဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား သင်ကြားပေးခဲ့၍ စုစုပေါင်းကျောင်းသား ငါးသောင်းကျော်ခန့် တတ်မြောက်ပြီးဖြစ်သည်။ အဆိုပါဒေသအတွင်းရှိ ကျောင်းသားကျောင်းသူများ ကွန်ပျူတာပညာတတ်မြောက်ရန်ရည်ရွယ်၍ ယခု သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ဆရာတော်ကိုယ်စား အောင်ဇမ္ဗူသာသနာပြုဥက္ကဋ္ဌ ဦးကျော်ညွန့်က ကွန်ပျူတာအလုံးပေါင်း ၁၀ စုံနှင့် Sky Net တစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ခင်မျိုးနိုင်(ကြေးမုံ)**

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၅၉)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၈၉)၊ အထူးနည်းပြသင်တန်း အမှတ်စဉ် (၁) သင်တန်းများဖွင့်ပွဲကို ယနေ့ နံနက်က ဗဟိုလေ့ကျင့်ရေးကျောင်းသင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က ဝန်ထမ်းများသည် စည်းကမ်း၊ စည်းမျဉ်းများကို လိုက်နာပြီး ပြည်သူများ အကျိုးဖြစ်စေမည့်လုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏စိတ်စေတနာကောင်းသော စွမ်းဆောင်ရည်တိုးတက်စေရန် ယခုသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းများသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသူ ၇၃ ဦး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ သင်တန်းသူ ၂၀ တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel ထုတ်လွှင့်မှုအစီအစဉ်

၁၁-၁-၂၀၁၅(တနင်္ဂနွေနေ့)

၆း၀၀ အဖွင့်
-လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်) (အပိုင်း-၁၀)

၆း၃၀ အလက်ာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၂)

၆း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "သူငယ်ချင်းလေး" (အောင်ရဲလင်း၊ သက်မွန်မြင့်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

၈း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်

၉း၂၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "အလန်းလွန်အလွန်လန်း" (နေတိုး၊ ဝတ်မှုံရွှေရည်၊ သဥ္ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ စိုးပြည့်သဇင်၊ မယ်လိုဒီ၊ ချမ်းမီမီကို) (ဒါရိုက်တာ-ညီညီထွန်းလွင်)

# ကယားပြည်နယ်နေ့ ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကယား၊ ဂေခို၊ ကယန်း(ပဒေါင်)၊ ယင်းဘော်၊ ကယန်းလဒ၊ မိုနူ၊ ကယော၊ ယင်းတလဲ၊ ဂေဘားစသည့် ကယားတိုင်းရင်းသားလူမျိုးစု ကိုးမျိုးတို့၏ တိုင်းရင်းသားယဉ်ကျေးမှုအကများဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကယားတိုင်းရင်းသား တိုင်းရင်းသူများက ကပြဖျော်ဖြေကြသည်။ **(သန့်ဇင်ဝင်း)**



# စာမေးပွဲစနစ်နဲ့ မိဘတွေရဲ့ကဏ္ဍ

**ခင်မောင်ဌေး(ပညာရေး)**

အခြေခံပညာအဆင့် (မူလတန်း+အလယ်တန်း)မှာ သိသာတဲ့ပြုပြင်ပြောင်းလဲမှုအနေနဲ့ စာမေးပွဲစစ်ဆေးတဲ့ပုံစံ ပြောင်းလဲသွားခြင်းပါ။ အဲဒါကတော့ စတုတ္ထတန်းစာမေးပွဲကို ခရိုင်စစ်နဲ့ အဋ္ဌမတန်းစာမေးပွဲကို တိုင်းဒေသကြီး(ဝါ) ပြည်နယ်အဆင့် စစ်ဆေးခြင်းပါပဲ။

အဓိကရည်ရွယ်ရင်းကတော့ ကလေးတွေရဲ့ အရည်အချင်းတိုးမြင့်လာစေဖို့ပါ။ မူလတန်းအဆင့်မှာ စတုတ္ထတန်းနဲ့ အလယ်တန်းအဆင့်မှာ အဋ္ဌမတန်းပါ။ အရင်ကတော့ ကျောင်းတွင်းစစ်စာမေးပွဲအဖြစ် စစ်ဆေးနေတာပါ။ ခုဟာကတော့ အုပ်စုဖွဲ့စစ်လိုက်တဲ့သဘောပါ။ အစိုးရစစ်စာမေးပွဲလို့တော့ ခေါ်ရမယ်မထင်ပါဘူး။ အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း) တစ်ခုကိုပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အစိုးရက တာဝန်ယူစစ်နေတာပါ။

တစ်ခုရှိတာက မိဘတွေရဲ့အတွေးထဲမှာ အစိုးရစစ်-အစိုးရမစစ်ဆိုတဲ့ အတွေးကြီးဝင်နေတယ်။ ပြီးတော့ လောဘကြီးတဲ့မိဘတွေကလည်း အများသား။ ဒီတော့အဲဒီဒဏ်ကို အများဆုံးခံရတာက ကလေးတွေပဲ။ အဲဒီကလေးတွေ စာကြည့်နေရတဲ့ပုံက သာမန်အဆင့် တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူထက်တောင် သာလွန်နေပါသေးတယ်။

စာရေးသူရဲ့အိမ်မှာ မြေးဖြစ်သူကလည်း စတုတ္ထတန်းဖြေမှာဆိုတော့ စတုတ္ထတန်းစာမေးပွဲဂယက်က အိမ်မှာ အတော်ကလေး ရိုက်ခတ်နေပါတယ်။ မိဘက တအားဖြစ်ချင်၊ ဖြစ်ချင်သလောက် ကလေးကမလိုက်နိုင်တဲ့အခါ ဆူကြပူကြ၊ ငိုကြယိုကြပေါ့။

ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်ရဲ့ ဆီမီနာတစ်ခုမှာ ဟောပြောသွားတာကိုသွားသတိရမိတယ်။ အဲဒါကဘာလဲဆိုတော့ ကလေးကို EQ မြင့်အောင်သင်ပေးလို့ရတယ်။ IQ မြင့်ဖို့ဆိုတာ ကိုယ်ကိုယ်တိုင်ကလည်း IQ မြင့်နေရမှာတဲ့။ ကလေးကိုညံ့တယ်၊ ညံ့တယ်ပြောရင် "ငါညံ့တာပဲ ငါညံ့တာပဲ"လို့ ကိုယ့်ကိုယ်ကိုယ် ပြောနေသလိုပဲ" မှတ်ပါတဲ့။

နောက်ဒီအရွယ်ကလေးတွေက ကစားမက်တဲ့အရွယ်၊ အဲဒါကို နားမလည်ဘဲစာပဲတစ်နေကုန်သင်နေလို့ ဘယ်လိုဖြစ်နိုင်မှာလဲ။ စာသင်ချိန်ကြာလာတာနဲ့အမျှ ကလေးရဲ့စိတ်ဝင်စားမှုက လျော့ကျသွားနိုင်တယ်။ ကလေးကိုငြိမ်ငြိမ်နေခိုင်း၊ မလှုပ်စေရဘဲ တစ်ချိန်လုံးစာသင်နေလို့ ဘယ်လိုမှ ကိုမရနိုင်ပါဘူး။ တစ်နေ့ကတော့ ပညာရေးဂျာနယ် (Education Digest) မှာ ကလေးတွေကို လှုပ်ရှားမှုပြုရင်း စာသင်စာကျက်လုပ်နိုင်တဲ့အကြောင်း၊ ကလေးရဲ့အာရုံနှိုးဆွမှုကိုပိုပေးနိုင်ကြောင်း ဖတ်လိုက်ရတယ်။ အဲဒီလို အကျိုးအကြောင်းပြောပြမှ ကလေးလှုပ်ရှားခွင့် ရသွားတယ်။

ဆိုလိုတာကတော့ နားချိန်၊ ကစားချိန်၊ စားချိန်နဲ့စာကြည့်ချိန်ကို အကန့်အသတ်လေးနဲ့လုပ်ပေးနိုင်ရင် ကောင်းမှာပါ။ ဖြစ်ချင်ဇောနဲ့ မနားမနေ စာကျက်ခိုင်းတာ၊ ဂိုက်တွေငှားပြီးသင်တာ၊ Camp သွင်းတာတွေဟာ ရေတိုမှာတော့ ကလေးအနေနဲ့ စာမေးပွဲဖြေနိုင်ကောင်းဖြေနိုင်ပါလိမ့်မယ်။ အမှတ်ကောင်းချင်ကောင်းပါလိမ့်မယ်။ ဒါပေမယ့် ရေရှည်အတွက်တော့ ကောင်းလှမယ်မထင်ပါဘူး။

ခုခါမှာ ပညာရေးစနစ်က တဖြည်းဖြည်းပြောင်းလဲနေပါပြီ။ စနစ်ဟောင်းမှာ စာမေးပွဲရမှတ်နဲ့အဆုံးအဖြတ်ပေးတာမို့ အမှတ်ကောင်းဖို့တစ်ခုတည်းကြည့်ပြီး ကြိုးစားနေကြတာပါ။ ရမှတ်ကောင်းတိုင်း IQ မြင့်တယ်လို့ မဆိုနိုင်ပါဘူး။ သုတေသနပြုချက်တွေအရဆိုရင် IQ မြင့်သူထက် EQ မြင့်သူတွေကတောင် ပိုပြီးအောင်မြင်နေတာတွေ့ရတတ်ပါတယ်။

ဒီတော့ကလေးတွေကို စာမေးပွဲရမှတ်တစ်ခုတည်း မြင့်မားရေးကိုပဲကြည့်နေကြရင် (One Way)တစ်လမ်းသွား ပညာရေးပဲဖြစ်နေမှာပါ။ အားကစားလုပ်ဖို့အားမပေး၊ အပြင်စာဖတ်ဖို့ အချိန်မရ၊ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်း မရှိ ကြာလာတာနဲ့အမျှ ဘက်စုံထူးချွန်ဖို့ ခက်ခဲလာပါလိမ့်မယ်။

မကြာခင် ပညာသင်နှစ်တွေမှာ ကျောင်းသားကျောင်းသူတွေရဲ့ အနာဂတ်ဟာ အဲဒီကျောင်းသား ကျောင်းသူတွေရဲ့ ပကတိတည်ရှိနေတဲ့ အရည်အသွေး၊ အရည်အချင်းတွေပေါ်မှာ မူတည်လာတော့မှာပါ။ စာမေးပွဲရမှတ်တစ်ခုတည်းအပေါ် အခြေခံစဉ်းစားလာရာကနေ ဝင်ခွင့်ခေါ်တဲ့ မိမိရဲ့ပင်ကိုအရည်အသွေးနဲ့ စစ်ဆေးအစမ်းသပ်ခံပြီး ရွေးချယ်ရမယ့် တက္ကသိုလ်ပညာရေးဆိုတာလည်း ပေါ်လာမှာပါ။

ဒီနှစ်ကစပြီးစတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲ စစ်ဆေးတဲ့စနစ်ကို ပြောင်းလိုက်ပြီဆိုတော့ စိုးရိမ်စရာဘာမှ မရှိပါဘူး။ အခွင့်အရေးရှိပါတယ်။ အောင်/ရှုံးကို အဆင့်ခွဲထားပေးပါတယ်။ တော်၊ သင့်၊ ညံ့အလိုက် A,B,C,D အဆင့်ခွဲတွေခွဲပေးမှာပါ။ အမှတ် (၈၀)နဲ့ (၁၀၀)ကြားက A အဆင့်၊ (၆၀) နဲ့ (၈၀)ကြားက B အဆင့်၊ (၄၀)နဲ့ (၆၀)ကြားက C အဆင့်နဲ့ D ကတော့ ကျရှုံးအဆင့်ပေါ့။ တကယ်လို့ ကျရှုံးအဆင့်ဖြစ်နေရင်တောင် 'ကုစား'ရှိပါသေးတယ်။ ဘယ်လိုမှ ကယ်တင်လို့မရမှ ကျရှုံးစာရင်းဖြစ်သွားမှာပါ။

မိဘတွေအနေနဲ့တော့ CAP စနစ်နဲ့ ဖြတ်သန်းလာကြသူတွေပါ။ CAP စနစ်ဆိုတာက စဉ်ဆက်မပြတ်အကဲဖြတ်၍ အတန်းတင်ပေးတဲ့စနစ်ပါ။ အဲဒီစနစ်မှာလည်း 'ကုစား'ရှိပါတယ်။ ပြောရရင်တော့ ကျရှုံးသူမရှိတဲ့ စနစ်ပါ။ တစ်နှစ်တစ်တန်းအောင်လာသူတွေ တိုးတက်လာတာတော့ အမှန်ပဲ။ အရေအတွက်အားဖြင့် အောင်မြင်ခဲ့တာပါ။

ခုစနစ်ရဲ့ထူးခြားချက်ကတော့ အဆင့်ခွဲပေးမယ့် 'ကုစား'ရှိမယ်။ ဒါပေမယ့် လုံးဝအဆင့်မမီသူအတွက် 'အကျ အရှုံး'ရှိမယ်ဆိုတာပါ။ ဆိုလိုတာက ဖြေဆိုသူအားလုံးမအောင်မြင်နိုင်ဘူးဆိုတာပါပဲ။ ဒါဟာ စာမေးပွဲတစ်ခုရဲ့ စံနှုန်းတစ်ခုပါ။

ဒီတော့ မိဘတွေအနေနဲ့ အလွန်အကြူးမစိုးရိမ်ကြဖို့၊ မပြုမူမိကြဖို့ လိုပါတယ်။ ပညာဆိုတာငွေကြေးပြည့်စုံတိုင်း၊ တတ်နိုင်တိုင်းရနိုင်တဲ့အရာ မဟုတ်ပါဘူး။ ကလေးတွေမှာ ပင်ကိုရှိနေတဲ့ IQ နဲ့ လိုက်ဖက်အောင် သင်ပေးနိုင်ဖို့လိုပါတယ်။ စိတ်ပိုင်း (Mental)နဲ့ ရုပ်ပိုင်း (Physical) မျှမျှတတဖွံ့ဖြိုးလာဖို့လိုပါတယ်။ အဲဒီလို ပြုစုပျိုးထောင်လာနိုင်မယ်ဆိုရင် အဆင့်မြင့်ပညာရပ်တွေလေ့လာဆည်းပူးရတဲ့အရွယ်အထိ အကျိုးများနိုင်ပါတယ်။

တကယ်တော့ စာမေးပွဲစနစ်တစ်ခုကို စမ်းသပ်စစ်ဆေးကြည့်တဲ့အချိန်မှာ ပကတိရှိနေတဲ့အခြေအနေမှန်ကို သိမြင်နိုင်ဖို့လိုပါတယ်။ ခုဆိုဒီဇင်ဘာလအတွင်း စစ်ဆေးခဲ့တဲ့ ရမှတ်တွေ၊ အဆင့်တွေထွက်ပေါ်လာတော့မှာပါ။ အဲဒီရလဒ်တွေပေါ်ကြည့်ပြီး ကလေးတွေရဲ့ အခြေအနေ၊ စာမေးပွဲမေးခွန်းပုံစံ၊ ပြဋ္ဌာန်းစာအနည်းအများစတာတွေကို မှန်းဆနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် စိတ်ပူပန်သောကများစွာနဲ့ ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုပါဘူး။ ကလေးတွေအတွက် စာမေးပွဲဆိုတာကို ကြောက်စရာအဖြစ်မမြင်သွားစေလိုပါဘူး။ ကလေးတွေအပေါ် ဖိအားတွန်းအားတွေ အများကြီးမဖြစ်စေပါနဲ့။ စာမေးပွဲဆိုတာ ပိုမိုကြိုးစားလိုစိတ်၊ မိမိကိုယ်တိုင်သိကျွမ်းနားလည်လာအောင် သင်ယူလိုစိတ်၊ မိမိကိုယ်မိမိအားကိုးလိုစိတ်တွေ ရှင်သန်တိုးပွားလာအောင် ပြုပြင်ပေးတဲ့စနစ်လို့သာ မြင်ကြရင်သင့်မြတ်ပါလိမ့်မယ်။

## ကျေးလက်ဒေသများသို့ ကျန်းမာရေး အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**သီပေါ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သီပေါမြို့နယ်ဆေးရုံအုပ် ဒေါက်တာဒေါ်နန်းရှုပဟန် ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်က ဒေသခံတိုင်းရင်းသားများအား အခမဲ့ကျန်းမာရေး စစ်ဆေး ကုသပေးနိုင်ရေးအတွက် ဘော်ကြိုကျေးရွာသို့ ကွင်းဆင်းသွားရောက်ကြသည်။

တိုင်းရင်းသားများ ကျန်းမာရေး စစ်ဆေးဆေးကုသရာသို့ ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သီပေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် အလှူငွေနှင့်အားကစားအတွက် ဘောလုံးများကို ပေးအပ်လှူဒါန်းပြီး ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများအားကြည့်ရှုအားပေးစကား ပြောကြားသည်။

**စိုင်း(သီပေါ)**

## အခြေခံစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ချေးငွေပေးအပ်

**မအူပင် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် သမဝါယမအသင်းစုမှ အခြေခံစိုက်ပျိုးထုတ်လုပ်ရေး သမအသင်းများသို့ Exim Bank တရုတ်ချေးငွေ (စိုက်ပျိုးစရိတ်ချေးငွေ)ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်သမဝါယမ အစုရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးမြင့်က ယခုကဲ့သို့ သမဝါယမအသင်းများ ဖွံ့ဖြိုးရေး၊ အဆင့်မြင့်တင်ရေးအတွက် ထုတ်ချေးပေးသော ချေးငွေများကို အကျိုးရှိရှိ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်က သမဝါယမဝန်ကြီးဌာန၏ ရည်မှန်းချက်၊ စေတနာများနှင့် တရုတ်နိုင်ငံ Exim Bank ချေးငွေ (စိုက်ပျိုးစရိတ်ချေးငွေ) လက်ခံသူ အခြေခံ သမအသင်းသားများအနေဖြင့် တိတိကျကျ လိုက်နာရမည့် စည်းကမ်းများ၊ ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပထမအကြိမ် (တတိယအရစ်)၊ ဒုတိယအကြိမ် (ဒုတိယအရစ်) စိုက်ပျိုးစရိတ်ချေးငွေများကို အခြေခံအသင်း ၉၆ သင်းမှ အသင်းသား ၇၈၉၅ ဦး၏ စိုက်ဧက ၁၅၆၇၀ အတွက် ချေးငွေကျပ် ၇၈၃၅ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်သမအသင်းစုမှ ယခင်ချေးငွေ ထုတ်ပေးငွေများအားလုံး ကြွေးကျန်မရှိရရှိပြီး အရင်ဆုံး တာဝန်ကျေပေးဆပ်သည့် အသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ အိုင်ဝိုင်းကျေးရွာ "အာကာဝေဟင်" သမအသင်းက ပထမ၊ စွန်သိုက်ကျေးရွာ "မိုးသောက်ပန်း"သမအသင်းက ဒုတိယနှင့် ဝါးရုံဂယက်ကျေးရွာ (တော်ဝင်ရတနာ) သမအသင်းက တတိယအသီးသီးရရှိခဲ့ကြောင်းသိရသည်။

**(သပြေထွန်း)**



# ယခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း မြန်မာ-ဂျပန် ဖက်စပ်ထူထောင်မည်



**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ ယခုနှစ်အတွင်း ဖက်စပ်ထူထောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်က ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ဟောပြောဆွေးနွေးပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသွားခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းနှင့် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများအပေါ် ဟောပြောရာတွင် ဒုတိယဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံနှင့် ဖက်စပ်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုလိုင်စင်ရရှိပြီးဖြစ်၍ ယခုနှစ် အောက်တိုဘာတွင် စတင်ဖွင့်လှစ်ထူထောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်က မြန်မာနိုင်ငံရဲ့ စီးပွားအချက်အချာဖြစ်တယ်။ ရန်ကုန်ကိုဂုဏ်ပြုတဲ့အနေနဲ့ ရန်ကုန်စတော့အိတ်ချိန်းလို့ နာမည်ပေးထားတယ်။ မြန်မာ-ဂျပန် ဖက်စပ်ထောင်တာပေါ့။ ဂျပန်နိုင်ငံအနေနဲ့ မြန်မာကိုအများကြီး အကူအညီပေးတယ်။ မြန်မာအနေနဲ့က စတော့အိတ်ချိန်းနဲ့ပတ်သက်လို့ ကျွမ်းကျင်မှုမရှိဘူး။ ဒါကြောင့် ဖက်စပ်ဆောင်ရွက်ရတာပါ။ ရန်ကုန်စတော့အိတ်ချိန်းကို ဆူးလေဘုရားလမ်းနဲ့ ကုန်သည်လမ်းထောင့်မှာရှိတဲ့ အရင် မြဝတီဘဏ်ရုံးချုပ်လုပ်ခဲ့တဲ့နေရာမှာ ထူထောင်မှာဖြစ်ပါတယ်။ ပြင်ဆင်မှုတွေလုပ်နေတယ်" ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်း ပေါ်ပေါက်ရန်အတွက် ၂၀၁၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဥပဒေထွက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်နည်းဥပဒေကိုလည်း ဂျပန်နိုင်ငံအကူအညီဖြင့် ရေးဆွဲနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေအထားနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့်အတွက် လွှတ်တော်သို့တင်ပြမည်ဟု သိရသည်။

"ဥပဒေပိုင်းဆိုင်ရာ ပြည့်စုံသွားပြီ၊ အုပ်ချုပ်တဲ့အဖွဲ့အစည်းကိုလည်း ၂၀၁၄ ဩဂုတ်မှာဖွဲ့ပြီးဖြစ်ပါတယ်။ အဖွဲ့ဝင် ၆ ဦးပါတဲ့ Securities & Exchange Commission of Myanmar ကို ဖွဲ့ထားပြီးဖြစ်သလို ဝန်ထမ်းတွေကို ရွေးချယ်သင်တန်းပေးထားပါတယ်။ ရုံးထိုင်ဖို့အတွက် ပြင်ဆင်နေပြီး ရန်ကုန်စတော့အိတ်ချိန်းကို လှုပ်ရှားမှုလုပ်ဖို့ အားယူနေပါပြီ။ အိုင်တီစနစ်ကိုသုံးပြီး ဟမ်းဖုန်းကနေ စတော့ရောင်းတာ ဝယ်တာလုပ်ဖို့အထိရှိတယ်။ စတော့အိတ်ချိန်းကို ဖော်ဆောင်တဲ့နေရာမှာ စတော့ရှယ်ယာတွေ တစ်ဆင့်ဖြန့်ဖြူးပေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဝယ်ရောင်းပုံစံသမားတွေ၊ ပွဲစားပုံစံရှိမယ်၊ အကြံပေးရှိမယ်။ ဒီလေးမျိုးကို လိုင်စင်ထုတ်ပေးသွားမယ်။ လိုင်စင်လျှောက်ထားနိုင်ကြောင်းကို ဇန်နဝါရီ ၁၁ ရက်ကစပြီး သတင်းစာမှာ ကြေညာပေးမှာဖြစ်ပါတယ်" ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

လက်ရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၆ နိုင်ငံတွင် စတော့အိတ်ချိန်း မရှိသောနိုင်ငံမှာ ၉ နိုင်ငံသာရှိပြီး အများစုမှာ ကျွန်းနိုင်ငံလေးများဖြစ်သည်ဟု ဒုတိယဝန်ကြီးက ပြောသည်။ စတော့အိတ်ချိန်း ထူထောင်နိုင်ခြင်းကြောင့် နိုင်ငံတော်၊ ပြည်သူနှင့် ကုမ္ပဏီအကျိုးရှိစေမည်ဖြစ်ကြောင်း၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံခြင်းဖြင့် inflation risk ကိုကာကွယ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(ဝဝ၁)**

# ရှယ်ယာအစည်းအရုံး ပြန်လည်ဖွဲ့စည်းမည်

သတင်း >> ခင်ဇာလီ
ဓာတ်ပုံ >> ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်ထိ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံအလွှာလိုက် အမှုဆောင်များ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းကို ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်၍ ဇန်နဝါရီ ၂၂ ရက်တွင် စက်မှုလက်မှု အခြေခံအလွှာမှ ရွေးချယ်ခံမည့် ကိုယ်စားလှယ်ငါးဦး၊ ဗီဒီယိုအခြေခံအလွှာမှ ငါးဦး၊ ပြဇာတ်နှင့် နောက်ခံတေးဂီတအလွှာမှ လေးဦး၊ ဇန်နဝါရီ ၂၃ ရက်တွင် ဒါရိုက်တာ အခြေခံအလွှာမှ ခြောက်ဦး၊ ဇာတ်ပို့ဇာတ်ရံအခြေခံအလွှာမှ ၁၀ ဦး၊ ဇာတ်လမ်းဇာတ်ညွှန်း အခြေခံအလွှာမှ ခုနစ်ဦး၊ ဇန်နဝါရီ ၂၄ ရက်တွင် အုပ်ချုပ်၊ ဖြန့်ချိ၊ ပြသအခြေခံအလွှာမှ ကိုးဦး၊ အဓိကဇာတ်ဆောင်အခြေခံအလွှာမှ လေးဦး၊ တည်းဖြတ်၊ မှတ်တမ်းအခြေခံအလွှာမှ ခြောက်ဦးနှင့် ထုတ်လုပ်သူအခြေခံအလွှာမှ တစ်ဦး စုစုပေါင်း ၅၇ ဦးအား သက်ဆိုင်ရာ အလွှာအသီးသီးမှ မဲပေးခွင့်ရရှိသူများက မဲပေးရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။



ဦးနှင်းမိုး။



ဦးကြည်စိုးထွန်း။



ဦးလူမင်း။

ရုပ်ရှင်အမှုဆောင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးနှင်းမိုးက "ဦးတို့ကော်မရှင်ဘက်က ကိုယ်စားလှယ်လောင်းအဖြစ် အဆိုပြုထားတဲ့အပေါ်မှာစိစစ်ပြီး တကယ်ရွေးခံရမယ့် ကိုယ်စားလှယ်လောင်း စာရင်းကို နောက်ဆုံး ကြော်ငြာလိုက်တာပဲ။ အလွှာတစ်လွှာစီမှာ အခြေခံအဖွဲ့ကိုးယောက်သတ်မှတ်ထားတယ်။ ဒါပေမယ့် အခြေခံကိုးယောက်မပြည့်တဲ့အဖွဲ့တွေကိုတော့ ရှိတဲ့ကိုယ်စားလှယ်တွေကိုပဲ အရင်ရွေးချယ်ပေးလိုက်ပြီး အရွေးမခံသော်လည်း စိတ်ပါဝင်စားတဲ့သူ၊ လုပ်နိုင်တဲ့သူတွေကို အခြေခံမှာ ပါပေးပါဆိုပြီး ကိုးယောက်ပြည့်အောင် ထပ်ဖြည့်ရမယ်။ သူ့နေ့နဲ့အလွှာလိုက် နံနက် ၉ နာရီကနေ ညနေ ၃ နာရီထိ မဲပေးရွေးချယ်သွားမယ်။ အဲဒီနေ့မှာပဲ ရလဒ်တွေကို ရေတွက်ပြီး တစ်ခါတည်း ကြေညာသွားမယ်။ ပထမမဲအများဆုံးရသူက ဥက္ကဋ္ဌနေရာ၊ ဒုတိယမဲအများဆုံးရသူက အတွင်းရေးမှူး၊ ကျန်ခုနစ်ဦးကတော့ အမှုဆောင်တွေအဖြစ်ပေါ့၊ ရွေးချယ်ထားပြီးတဲ့ တစ်လွှာချင်းဆီက မဲအများဆုံးရတဲ့သူနှစ်ဦးစီက ဗဟိုအလုပ်မှုဆောင်အဆင့်ကို တက်လာမယ်။ အဲဒီထဲကမှထပ်ပြီးမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးဆိုပြီး ဖွဲ့စည်းပုံအလိုက် ဆက်လက်မဲပေးရွေးချယ်သွားကြမှာပါ"ဟု ပြောသည်။

"ဆရာတို့ နာယကကြီးတွေက အခုလို အများစုနဲ့ ရုပ်ရှင်အမှုဆောင်ရွေးကောက်ပွဲမှာ အငြင်းမပွားရအောင်၊ ဖြစ်သင့် ဖြစ်ထိုက်တာဖြစ်ရအောင် စေတနာထားပြီး လိုက်လုပ်ပေးကြတာပါ။ အဲဒီထဲကမှ အရင်ကတည်းက ချမှတ်ပေးထားတဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းကမ်းတွေကို ပြင်မယ်။ ပြောင်းချင်တယ်ဆိုရင်လည်း ဆရာတို့က ပြင်ပေးပြောင်းပေးလို့လဲမရဘူး။ ရွေးချယ်ခံရတဲ့ ပုဂ္ဂိုလ်နဲ့ ရုပ်ရှင်လောကသားတွေ ညှိညှိနှိုင်းနှိုင်းလုပ်ကြဖို့ပဲ။ ဒါကြောင့် ဘယ်သူပဲတက်လာတက်လာ ကိုယ်ကျိုးမရှာဘဲ တရားမျှမျှတတနဲ့ အားလုံး ညီညီညွတ်ညွတ်ရှိပြီး ရုပ်ရှင်လောကအတွက် ကောင်းကျိုးပြုမယ်ဆိုရင်ပဲ ဆရာတို့က ဝမ်းသာလှပါပြီ" ဟု ရုပ်ရှင်အမှုဆောင် ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒါရိုက်တာ ဦးကြည်စိုးထွန်းကပြောသည်။

ရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ အဓိကဇာတ်ဆောင်အလွှာမှ ဦးလူမင်းက "လက်ရှိအခြေအနေမှာတင် ရုပ်ရှင်လောကသားတစ်ယောက်အနေနဲ့ ဝန်ခံစရာက ကိုယ်တို့ ရုပ်ရှင်အစည်းအရုံးကြီးမှာ ဖွဲ့စည်းပုံကော၊ လုပ်ဆောင်ချက်တွေကော၊ အမှုဆောင်အင်အားတွေ၊ အမှုဆောင်တွေရဲ့ အချိန်ပေးဆောင်ရွက်နိုင်မှုတွေက အားရစရာ သိပ်မရှိဘူး။ ဒါပေမယ့် ဒီမှာလုပ်သမျှ အားလုံးကို အလေးထားပြီးတော့ စည်းစည်းလုံးလုံးနဲ့ စုပေါင်းလုပ်ကြရင် ရုပ်ရှင်လောကကြီး အောင်မြင်လာမှာပါ။ အဓိကကတော့ ကိုယ့်စိတ်ပါပဲ။ ဒီဥက္ကဋ္ဌဆိုတဲ့ ရာထူးနေရာတွေ၊ ကျော်ကြားမှုတွေက ကိုယ့်အတွက် မလိုအပ်ပါဘူး။ ကိုယ့်လောကအတွက် ဒီလောကရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ရမယ်ဆိုတဲ့အသိတစ်ခုနဲ့ တာဝန်ယူခွင့်ရတဲ့အချိန်မှာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကြိုးစားခဲ့မယ်။ နောက်သက်တမ်းတော့မလုပ်တော့ဘူးဆိုပြီး အတိအလင်းလည်း ပြောခဲ့တယ်။ ဒါပေမယ့်လက်ရှိအချိန်မှာ စကားနှစ်မျိုးပြောတဲ့သူ ဖြစ်သွားတယ်။ ကိုယ့်အတွက်ဆိုရင်တော့ ဒီစကားကို ပြင်မှာမဟုတ်ဘူး။ ကိုယ့်အတွက်မဟုတ်ဘဲ ကိုယ့်လောကသားတွေအတွက် လုပ်ပေးချင်တာလေးတွေ၊ လုပ်လက်စအလုပ်လေးတွေ ရှိနေသေးတဲ့အပြင် နာယကကြီးတွေ၊ လောကသားတွေအားလုံးကလည်း ဝိုင်းဝန်းတောင်းဆိုတာမျိုးတွေရှိတော့ အဆိုပြုလွှာကို နောက်ဆုံးပိတ်ရက်မှပြန်တင်ဖြစ်သွားတာပါ" ဟု ပြောသည်။

ခေတ်အဆက်ဆက်ရုပ်ရှင်ဥက္ကဋ္ဌရာထူးများကို ၁၉၄၆ ခုနှစ်မှစ၍ ရုပ်ရှင်နှင့်ပြဇာတ်မှ ဦးတင်နွယ်က စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မတ်လတွင်မူ ရုပ်ရှင်လောကသားများကိုယ်တိုင် ရုပ်ရှင်ဥက္ကဋ္ဌကို အများဆန္ဒပြုရွေးချယ်ခဲ့ကြသည်။ သို့စေကာမူ နှစ်နှစ်သက်တမ်းပြည့်မြောက်ခဲ့သော်လည်း ထပ်မံဖွဲ့စည်းရွေးချယ်နိုင်ခြင်းမရှိသေးဘဲ ယခုနှစ်မှသာ ဒုတိယအကြိမ် ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။ ။

# အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ယှဉ်ပြိုင်မှုများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ တစ်ပြိုင်တည်း ကျင်းပသည်။

"အဲဒီကလေးတွေကို မေးမယ့် အင်္ဂလိပ်စာ၊ သင်္ချာမေးခွန်းတွေကို ယခင်က ပညာရေးဝန်ကြီးဌာနက ပြုစုပါတယ်။ ဒီနှစ်ရဲ့ ထူးခြားချက်ကတော့ Third Party က ပြုစုတယ်။ နှစ်တိုင်းကတော့ ကလေးတွေကို ပြိုင်မယ့်ခေါင်းစဉ်တွေ ပေးထားပြီး အဲဒီထဲက မဲနှိုက်ပြီးတော့မှ အင်္ဂလိပ်စာကို ပြိုင်ကြရတယ်။ ဒီနှစ်ကတော့ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲရဲ့ ထူးခြားချက်က Third Party ကထုတ်တဲ့ အပြင် မေးခွန်းကို ကလေးတွေ လုံးဝကြိုမသိဘဲနဲ့ အကြောင်းအရာကိုပဲ ကလေးတွေကို ပေးထားတယ်။ ကလေးတွေ စွမ်းရည်မြင့်အောင်ပါ" ဟု အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီက ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့မှ တစ်ဘာသာလျှင် ကျောင်းသားတစ်ဦးစီဖြင့် အင်္ဂလိပ်စာ ထူးချွန်သူ ၉၀ နှင့် သင်္ချာထူးချွန်သူ ၉၀ စုစုပေါင်း ၁၈၀ လာရောက်ဖြေဆိုကြသည်။

ဖြေဆိုသည့်အတန်းတိုင်းမှ ပထမဆုရရှိသူကို ကျပ်နှစ်သိန်း၊ ဒုတိယဆုရှိသူကို ကျပ်တစ်သိန်းခွဲနှင့် တတိယဆုရရှိသူကို ကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ပြီး လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ အားလုံးကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ချိုဝင်း)**

# မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးမြို့သူ မြို့သားများ ကျန်းမာကြံ့ခိုင်စေရေးနှင့် မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်(၂၀၁၅)ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် ကျင်းပသည်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲအမျိုးသားအလွတ်တန်း ပြိုင်ပွဲတွင်သောင်းအေးက ပထမ၊ စန်းနိုင်က ဒုတိယ၊ မာဂေါက်က တတိယရရှိပြီး အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ဖြူဝါသက်က ပထမ၊ မြင့်မြင့်အေးက ဒုတိယ၊ ပပက တတိယရရှိသည်။ အမျိုးသားလူသစ်တန်းပြိုင်ပွဲတွင် ကျော်စိုးဝင်းက ပထမ၊ မျိုးသင်းသိန်းက ဒုတိယ၊ ဇော်မင်းလတ်က တတိယ၊ အမျိုးသမီး လူသစ်တန်းပြိုင်ပွဲတွင် လှလှဦးက ပထမ၊ ဇာခြည်ဦးက ဒုတိယ၊ မိုးမိုးအေးက တတိယရရှိပြီး နိုင်ငံခြားသားများပြိုင်ပွဲတွင် ဒိုမီနီကန်နိုင်ငံမှ Cesar က ပထမ၊ အမေရိကန်ပြည်ထောင်စုမှ Christopher Miller က ဒုတိယနှင့် ဗြိတိန်နိုင်ငံမှ Gray Mays က တတိယရရှိပြီး သက်ကြီးပြိုင်ပွဲဝင်များကိုလည်း အထူးဆုများ ချီးမြှင့်သည်။ ဗထူးကွင်းတွင် ဆုပေးပွဲမစတင်မီ လာရောက်အားပေးသော ပရိသတ်များအား မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံကြောင်း သိရသည်။ **(မောင်ပြည်သူ)**

## ပြည်တွင်းရေးရာ

❐ **ရွှေဖုံးမှ**

တိုင်းရင်းသူလေးများက တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ကချင်ရိုးရာခေါင်ရည်၊ ရိုးရာအစားအစာများဖြင့် ဧည့်ခံကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့သည် ကချင်ပြည်နယ်အတွက် ထူးခြားသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးရပြီးနောက် ဇန်နဝါရီ ၁၀ ရက်တွင် ကချင်ပြည်နယ် ကောင်စီအစည်းအဝေးကို ကျင်းပနိုင်ခဲ့သည့်အတွက် ယင်းနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် ပျော်ရွှင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုလိုနေ့မျိုးတွင် နိုင်ငံတော်သမ္မတ အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ မနောပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရသည့် အတွက် ဝမ်းမြောက်ပါကြောင်း။

ယခုဆိုလျှင် ကချင်ပြည်နယ်အတွင်းရှိ မြို့ကြီးများတွင် လျှပ်စစ်မီး ရရှိနေပြီဖြစ်ကြောင်း၊ ယခုလိုရရှိအောင် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိသည့်အတွက် အခြေခံအားဖြင့် လျှပ်စစ်မီးဖြင့် စာပေဖတ်ရှုနိုင်သည့်အပြင် ရုပ်မြင်သံကြား ကြည့်ရှုနိုင်ခြင်းအားဖြင့် ပြည်တွင်းပြည်ပ ဗဟုသုတများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ကိုင်တယ်လီဖုန်းများလည်း လူတိုင်းနီးပါးသုံးစွဲနိုင်ပြီဖြစ်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများကို အချိန်နှင့်တစ်ပြေးညီ သိရှိပြောဆိုနိုင်ကြပြီဖြစ်ကြောင်း။

လျှပ်စစ်မီးကို အသုံးပြုပြီး ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထွက်ကုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ထို့ပြင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ထူထောင်ပြီး တန်ဖိုးရှိသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် တီထွင်ကြံဆလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူ့ဆန္ဒနှင့် ပြည်သူ့လိုအပ်ချက်များကို ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို မကြာခင် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးသည် လက်တစ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူများကလည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ တစ်နိုင်ငံလုံး၊ တစ်ဒေသလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ သွားလာနိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ဒေသခံပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့် အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြစေလိုကြောင်း၊ နှစ်သစ်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကျန်းမာချမ်းသာကြစေရန်နှင့် ဘုရားသခင်ကောင်းချီးပေးပါရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးသန်းဌေး၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးညဏ်ထွန်းအောင်၊ ဒေါက်တာသန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်ပဓာနနာယက ဝန်းသိုဆရာတော် ဘဒ္ဒန္တသီလဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) သို့ ရောက်ရှိပြီး အသင်းချုပ်အတွင်းရေးမှူး သိက္ခာတော်ရဆရာ ဒေါက်တာခလမ်ဆမ်ဆွန်နှင့် ဘာသာရေးခေါင်းဆောင်များအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သိက္ခာတော်ရ ဆရာ ဒေါက်တာခလမ်ဆမ်ဆွန်က နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့မှာ မမျှော်လင့်ဘဲ ရောက်ရှိလာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ နိုင်ငံတော်တာဝန်နှင့် ငြိမ်းချမ်းရေးကိစ္စများစွာဆောင်ရွက်နေရသည့်အချိန်တွင် ယခုကဲ့သို့ အချိန်ပေးလာရောက်သည့်အတွက် အတိုင်းအဆမရှိ ဝမ်းမြောက် ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ကချင်ပြည်နယ်သို့ နှစ်တိုင်းနီးပါး ရောက်ရှိခဲ့သော်လည်း မနောပွဲနှင့် မကြုံကြိုက်ခဲ့ဘဲ ယခုအကြိမ်မှသာ တိုက်ဆိုင်စွာ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊

**စာမျက်နှာ ၉ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကချင်ပြည်နယ် မနောပွဲသို့ တက်ရောက်လာသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၌ ဘာသာရေးခေါင်းဆောင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

---

✪ **မြရည်နန္ဒာမှ**

အငြိမ်းစားဝန်ထမ်း၏ စုဆောင်းငွေ၊ မိသားစုဝင်ငွေဖြင့် လက်ငင်းငွေချေစနစ်၊ အငှားဝယ်ယူစနစ်ဖြင့်ဝယ်ယူခွင့်ရှိသည်။ တိုက်ခန်းများကို ရှစ်ခန်းတွဲ ၄၈၄ စတုရန်းပေ၊ ၅၇၂ စတုရန်းပေ၊ လေးခန်းတွဲ ၅၅၄ ဒသမ ၅ စတုရန်းပေ တည်ဆောက်ထားသဖြင့် ဝယ်ယူလိုသောတိုက်ခန်းအမျိုးအစားရှင်းလင်းစွာဖော်ပြ၍ ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

---

○ **ဇေယျာရွှေမြေမှ**

**(အောင်ဆန်းကွင်း)**

**ဖွဲ့ကပင်ယူနိုက်တက် ၀-၀ ဇေယျာရွှေမြေ**

ဇေယျာရွှေမြေအသင်းမှာ အဖွင့်ပွဲတွင် အနိုင်သုံးမှတ်ရရှိသင့်သော်လည်း အဆုံးသတ်ပိုင်း အားနည်းခြင်း၊ တိုက်စစ်ကစားပုံ လိုအပ်ချက်များကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဖွဲ့ကပင်အသင်းတွင် နိုင်ငံခြားသားကစားသမား လေးဦးစလုံး ပါဝင်ခဲ့သော်လည်း ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပေ။ ဇေယျာရွှေမြေအသင်းကို တိုက်စစ်မှူး နိုင်ဦးလွင်က အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပြီး ဇော်ဇော်နိုင်၊ ကောင်းစည်သူ၊ တိုနီ၊ ကင်တာဂိုတို့ဖြင့် လူစုံပါဝင်ခဲ့ပြီး အသစ်ခေါ်ယူထားသည့် ဘရာဇီးလ်တိုက်စစ်မှူး မပါဝင်နိုင်ခြင်းကြောင့်လည်း တိုက်စစ်ကို သိသိသာသာ အားပျော့စေခဲ့သည်။ ပွဲချိန်တစ်လျှောက်လုံး ဇေယျာရွှေမြေအသာရခဲ့သော်လည်း တိုက်စစ်ပိုင်းလိုအပ်ချက်များကြောင့် အနိုင်ဂိုးနှင့် လွဲခဲ့ရသည်။ ဖွဲ့ကပင်ကွင်းလယ်လူ ဒရာဂန်၏ အဝေးကန်ချက်ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

**(သုဝဏ္ဏကွင်း)** **ဟံသာဝတီ-တစ်ဂိုး (အူစမန်)**

**ချင်းယူနိုက်တက်-တစ်ဂိုး (ဇော်ဇော်ဦး)**

| ယနေ့ပွဲ | | |
|---|---|---|
| | **(ဗထူးကွင်း)** | **ရတနာပုံ - မကွေး** |
| | **(YUSC ကွင်း)** | **ရန်ကုန် - ရခိုင်** |
| | **(ပေါင်းလောင်းကွင်း)** | **နေပြည်တော် - ဧရာဝတီ** |
| | **(အောင်ဆန်းကွင်း)** | **မနောမြေ - ကမ္ဘောဇ** |

## ပြည်တွင်းရေးရာ

☆ **စာမျက်နှာ ၈ မှ**

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန်၊ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန် အချက်များအပြင် တည်ငြိမ်အေးချမ်းရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ လူဦးရေ ၅၁ သန်း၏ တူညီသောဆန္ဒမှာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ယင်းအချက်ကို ရည်မှန်းချက်နှင့် တာဝန်အဖြစ် ခံယူသတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် တူညီမှုများစွာရှိသကဲ့သို့ မတူကွဲပြားမှုအချို့ ရှိသည်ကိုလည်း လက်ခံနားလည်ရမှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အသားစီးရလိုမှုနှင့် အမြတ်ထုတ်လိုမှု လုံးဝမရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုခြင်းသာ အဓိကဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး အတူညီမျှစွာ ခံစားရရှိကြစေလိုကြောင်း၊ ထိုနေရာတွင် ဘာသာရေး ခေါင်းဆောင်များ၏ ကဏ္ဍမှာအရေးပါကြောင်း၊ ဘာသာရေးသည် ယဉ်ကျေးမှုရှိရန်၊ အသိမှန်နှင့် အမြင်မှန်ရရှိရန် ဆောင်ရွက်ခြင်းဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကချင်မနောအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အတွက် လှူဒါန်းငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ မြန်မာအမျိုးသား လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ခြောက်ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာပြီး ယခုမနောပွဲတော်ကျင်းပသည့် စီတာပူကွင်းနေရာတွင် မနောမဏ္ဍပ်ကြီး ဖွင့်လှစ်ကာ ပထမဆုံး ကချင်ပြည်နယ်ကောင်စီနှင့် ပြည်နယ်အစိုးရကို ဖွဲ့စည်း၍ ကချင်တိုင်းရင်းသား ဆမားဒူဝါ ဆင်ဝါးနောင်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို ပေးအပ်ခဲ့ပြီး ဥက္ကဋ္ဌက ကျမ်းသစ္စာဆိုခဲ့ခြင်းဖြစ်ရာ ယင်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်နေ့ စတင်သတ်မှတ်ခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သော ကချင်ပြည်နယ်နေ့အခမ်းအနားသို့ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ စဝ်ရွှေသိုက် တက်ရောက်ခဲ့ပြီးနောက်ပိုင်းတွင် (၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

---

### ❒ ကချင်မှ

ကချင်ပြည်နယ်ဟာ တွင်းထွက်သယံဇာတ ပေါများကြွယ်ဝပြီး တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကချင်လူမျိုးများဟာ မွန်မြတ်သော ယဉ်ကျေးမှုများစွာ ကြွယ်ဝတဲ့လူမျိုးများဖြစ်ပါတယ်။ မနောအကဟာလည်း ရိုးရာအကများထဲမှာ အမြင့်ဆုံးအကဖြစ်ပါတယ်။ မနောပွဲကို အဓိပ္ပာယ်အမျိုးမျိုးနှင့်ဖွင့်ဆိုကြပေမယ့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပတဲ့မနောပွဲတော်များကို“ဆွေမျိုးသားချင်းများ ပြန်လည်စုစည်း၍ တစ်ဦးနဲ့တစ်ဦး ဆောင်ရွက်သွားရမယ့် ကိစ္စများကို စည်းလုံးညီညွတ်စွာနဲ့ ညှိနှိုင်းဆုံးဖြတ် အားသစ်ယူ၍ အားအင်စုစည်းထားခြင်း၊ သွေးစည်းညီညွတ်မှုဖြင့် စုစည်းအဖြေရှာခြင်း၊ အောင်ပွဲခံခြင်းစတဲ့ ရည်ရွယ်ချက်များနဲ့အညီ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပျော်ပျော်ရွှင်ရွှင် ထူးခြားလေးနက်စွာ ကျင်းပခဲ့ကြပါတယ်။

ဤကဲ့သို့ ထူးခြားမှုတွေ၊ ပျော်ရွှင်မှုတွေနဲ့ ပြည့်စုံနေတဲ့ အခါသမယကို ပိုမိုထူးခြားလေးနက်စေခဲ့တာကတော့ ယခုနှစ်ကျင်းပတဲ့ (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်နဲ့ မနောပွဲတော်ကြီးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ကချင်ပြည်နယ်နေ့ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေချိန်မှာ ပြည်နယ်ဝန်ကြီးချုပ်က “ယခုကျင်းပနေသည့် ကချင်ပြည်နယ်နေ့အခမ်းအနားနှင့် မနောပွဲတော်ကြီးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဖို့လာနေပါပြီ”လို့ အမှတ်မထင် သတင်းစကားပါးလိုက်ချိန်မှာ ပွဲတော်မှာဆင်နွှဲနေတဲ့ သီဆိုတီးမှုတ်သံတွေဟာ ပိုမိုကျယ်လောင်လွင့်ပျံ့လာသလို တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူလူထု ပရိသတ်ကြီးရဲ့ လက်ခုပ်သံများကလည်း မိုးယံသို့တိုင် လွင့်ပျံ့သွားပါတော့တယ်။



**မနောပွဲတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တပျော်တပါး ပါဝင်ဆင်နွှဲနေစဉ်။**

လွန်ခဲ့သော ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က ကျင်းပတဲ့ ကချင်ပြည်နယ်နေ့အခမ်းအနားကို ထိုအချိန်က မြန်မာနိုင်ငံရဲ့ ပထမဆုံးသမ္မတ စဝ်ရွှေသိုက် တက်ရောက်အားပေးခဲ့တာကို အမှတ်ရစေခဲ့သလို ယနေ့ကျင်းပတဲ့ (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ဒီမိုကရေစီအစိုးရသစ်လက်ထက် ပထမဆုံး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ခဲ့ခြင်းက နိုင်ငံတော်သမ္မတအနေနဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ရဲ့အရေးကို အလေးထားမှုတစ်ရပ်အဖြစ် ထင်ရှားစေခဲ့ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ ခရီးရောက်မဆိုက် ကချင်တိုင်းရင်းသားဝတ်စုံကိုဝတ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတွေနဲ့အတူ ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ကြီးမှာ ဝင်ရောက်ဆင်နွှဲခဲ့ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ မျက်နှာတွေပေါ်မှာ ဝမ်းသာပျော်ရွှင်မှုပုံရိပ်တွေက အကတွေကို ပိုမိုမြူးကြွလာစေခဲ့ပါတယ်။

ကချင်ပြည်နယ်ဟာ အကြောင်းအမျိုးမျိုးကြောင့် နယ်မြေအချို့မငြိမ်းချမ်းခဲ့ပေမယ့် ကချင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူခဲ့တဲ့ လေးနှစ်ကျော်ကာလအတွင်းမှာ ပြည်နယ်ဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများတည်ဆောက်ပေးခြင်း၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခဲ့သလို ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။ နိုင်ငံတော်အနေနဲ့လည်း တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ညှိနှိုင်းအဖြေရှာကြိုးပမ်းမှုများကလည်း မကြာခင်မှာ မျက်ဝါးထင်ထင် တွေ့မြင်ရတော့မှာဖြစ်ပါတယ်။

အမှန်တကယ်တော့ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားသွေးချင်းတွေဟာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ နေထိုင်ရာဒေသကွဲပြားခြားနားမှုများ ရှိပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထာဝရငြိမ်းချမ်းရေးရရှိလိုခြင်းကတော့ တူညီသော ဆန္ဒများပဲဖြစ်ပါတယ်။

ယနေ့ကျင်းပခဲ့တဲ့ ကချင်ပြည်နယ်နေ့အခမ်းအနားကို နိုင်ငံတော်သမ္မတကိုယ်တိုင်တက်ရောက်အားပေးခဲ့ခြင်းက ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေအတွက် ပျော်ရွှင်ဝမ်းသာမှုကို ပေးစွမ်းစေခဲ့သလို ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မျှော်လင့်နေကြတဲ့ ၅၁ သန်းကျော်သော ပြည်သူများအတွက် ယုံကြည်မှု ပိုမိုခိုင်မြဲစေခဲ့ပါတယ်။

နိုင်ငံတော်သမ္မတဟာ တိုင်းရင်းသားသွေးချင်းများနဲ့ မနောပွဲတော်ဆင်နွှဲခဲ့ပြီး မနောအိမ်တော်မှာ ကချင်ရိုးရာ အစားအသောက်တွေကို သွေးချင်းများနဲ့ လက်ရေတစ်ပြင်တည်း သုံးဆောင်ကာ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်းတို့ဟာ ကချင်တိုင်းရင်းသားတို့အတွက် ရင်းနှီးချစ်ကြည်မှုအပေါ် အပျော်ဆင့်စေခဲ့ပါတယ်။

ယခုကဲ့သို့ အဓိပ္ပာယ်များစွာပြည့်စုံလေးနက်သည့် ကချင်ပြည်နယ်နေ့အခါသမယမှသည် တိုင်းရင်းသားသွေးချင်းများ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သီးခံမှုများကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ကချင်ပြည်နယ်၏ ရှေ့ခရီးအနာဂတ်သည် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်ပြီး မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့အသံ ပြည်သူ့အကြံ

အချိန်ကို ကာလက စား၊ ကာလကို ကာလက ဝါးမျိုမှုနှင့်အတူ ခရစ်နှစ် ၂၀၁၄ ခုနှစ် ကုန်ဆုံး၍ ၂၀၁၅ နှစ်သစ်သို့ ချင်းနင်းဝင်ရောက်လာခဲ့ချေပြီ။

လူ့ရွာ လူ့ကမ္ဘာတွင်မွေးဖွားသည်မှ ဘဝတစ်ခုနိဂုံးကမ္ပတ်ချုပ်ငြိမ်းသည်အထိ တစ်ခုတည်းသော ရှင်သန်နေသည့်အရာမှာ မျှော်လင့်ချက်သာဖြစ်ပေရာ မြန်မာပြည်သူ ပြည်သားများသည်လည်း ၂၀၁၅ နှစ်သစ်ကို မျှော်လင့်ခြင်းများစွာဖြင့် ဖြတ်သန်းကြရပေဦးမည်။

သို့အတွက် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ထင်ရှားကျော်ကြားသူများနှင့် ပြည်သူအချို့၏ မျှော်လင့်ချက် ၂၀၁၅ ကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

## ခင်မောင်ထွေး

၂၀၁၅ မှာ ကျွန်တော်တို့တိုင်းပြည်ကို အခု ဒီမိုကရေစီပြုပြင်ရေးလမ်းကြောင်းမှန်ကနေ ပို၍ အပေါင်းလက္ခဏာဆောင်တဲ့ အနေအထားရောက်ဖို့ဆိုရင် ပြည်ထောင်စုအစိုးရဘက်က ဒီနေ့ သာမန်ပြည်သူတွေရဲ့ စားဝတ်နေရေးကိစ္စကို အထူးအာရုံစိုက်ပြီး အလေးပေးဆောင်ရွက်ပေးဖို့ လိုတယ်။ အထူးသဖြင့် ယခုလိုကုန်ဈေးနှုန်းတွေ တက် ပြီးတော့ ချမ်းသာသူက အနည်းစု၊ ဆင်းရဲသူကအများစု ဖြစ်နေတဲ့အချိန်မှာ သာမန်ပြည်သူတွေရဲ့နေရေးက အင်မတန်မှ အရေးကြီးနေပြီ။ သူတို့အတွက် အခု ၂၀၁၅ မှာ လုပ်နိုင်သမျှလုပ်ပေးပြီး နောင် ၂၀၁၅အလွန် မှာ ပေါ်ပေါက်လာမယ့်အစိုးရကို ဒီတာဝန်ကို လက်ဆင့်ကမ်းပေးဖို့လိုအပ်ပါတယ်။ အရေးကြီးဆုံးက သာမန်ပြည်သူတွေရဲ့ စားဝတ်နေရေးအလုပ်ကို ဖြေရှင်းပေးခြင်းက တစ်ဖက်မှာ လုပ်နေတဲ့ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းလိုပဲ လွန်စွာအရေးကြီးကြောင်း ကျွန်တော်ပြောလိုပါတယ်။

နောက် ဒုတိယတစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံရေးပါတီများအပါအဝင် ဒီမိုကရေစီ အင်အားစုတွေကလည်း ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာ၊ အဖိတ်အစဉ်နည်းစွာ၊ အထိအခိုက်နည်းစွာ ပြောင်းလဲနိုင်ရေးအတွက် ပြဿနာကိုဖြေရှင်းသူတွေဖြစ်စေချင်တယ်။ ပြဿနာကို ဖန်တီးသူတွေ မဖြစ်စေချင်ဘူး။ အရင်ကရှိခဲ့တဲ့၊ အခုမှပေါ်ပေါက်လာတဲ့ ပြဿနာအသစ်တွေ ဒါတွေရှိနေတာပဲ။ အဲဒါကို ကျွန်တော်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေး ဘောင်အတွင်းကနေ အစိုးရနဲ့အတူ ဝေလည်းဝေဖန်၊ ထောက်လည်းထောက်ပြ၊ ပူးလည်းပူးပေါင်းပြီးတော့ ဒီပြဿနာအားလုံးကို ဖြေရှင်းနိုင်အောင် ကြိုးစားပေးဖို့လိုတယ်။ ပြဿနာကို ဓာတ်ဆီလောင်းပေးခြင်းအားဖြင့် ကျွန်တော်တို့မျှော်မှန်းတဲ့ ဒီမိုကရေစီခရီးလမ်းဟာ ပိုပြီးရှည်ကြာသွားနိုင်တယ်။ ဒါကြောင့် ဒီမိုကရက်တစ်တွေရော တိုင်းရင်းသားတွေပါ နိုင်ငံရေးအင်အားစုအသီးသီးဟာ အစိုးရအပြောင်း အလဲအပေါ်မှာ မှန်ကန်တဲ့ချဉ်းကပ်နည်းနဲ့ အနုပညာမြောက်တဲ့ နိုင်ငံရေးလမ်းကြောင်း နိုင်ငံရေးပုံသဏ္ဌာန် များနဲ့ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

တတိယအချက်ကတော့ ပြည်သူလူထုပါ။ ယခင်အစိုးရအဆက်ဆက်က ကြုံခဲ့တဲ့ သင်ခန်းစာတွေအပေါ်မှာ မူတည်ပြီးတော့ အခုတစ်စုံတစ်ရာတိုးတက်လာတယ်။ သာမန်လူတောင် ဆင်းကတ်ဖုန်းနံပါတ်တွေ ကိုင်နိုင်လာတယ်။ တစ်စုံတစ်ရာ လွတ်လပ်မှုအတိုင်းအတာ ကျွန်တော်တို့ရလာတယ်။ ပြီးတော့ နိုင်ငံတကာကလည်း ကျွန်တော်တို့ နိုင်ငံအပေါ်မှာ အလေးတမူပြုပြီး ရင်းနှီးမြှုပ်နှံမှုတွေ လာနေတဲ့အချိန် ဒီနေ့ ပြည်သူတွေမှာ အခက်အခဲတွေ၊ အများစုက အကျပ်အတည်းတွေရှိတာကို ကျွန်တော်တို့ သဘောပေါက်တယ်။ နားလည်တယ်။ ရပ်တည်ပေးမယ်။ တစ်ချိန်တည်းမှာ ပြည်သူလူထုကလည်း ဒီနေ့ ပေါ်ပေါက်နေတဲ့ပြဿနာအားလုံးကို တရားဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာ ဖြေရှင်းတဲ့နည်းလမ်းကို အသုံးပြုခြင်းအားဖြင့် ၂၀၁၅ မှာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုနဲ့တည်ငြိမ်မှုကို ရယူနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ကျွန်တော်ပြောခဲ့တဲ့ အချက်သုံးချက်ကို အစိုးရဘက်ကရော၊ နိုင်ငံရေးအင်အားစုတွေ ဘက်ကရော၊ ပြည်သူလူထုဘက်ကရော အဲဒီအတိုင်းသွားကြမယ်ဆိုရင် ၂၀၁၅ မှာ ကျွန်တော်တို့ တိုင်းပြည်ဟာ ပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်ကောင်းတွေ ထားနိုင်မှာပါ။ ဒါမှမဟုတ်ဘဲ အစိုးရဘက်ကလည်း အရင်ပုံစံအတိုင်း ပြဿနာကို ဖြေရှင်းမယ်။ နိုင်ငံရေးပါတီအသီးသီးကလည်း လက်ရှိအစိုးရပြုတ်ကျရေးသာ အရေးကြီးတယ်ဆိုပြီး ထိပ်တိုက်ရင်ဆိုင်မယ်၊ ပြည်သူလူထုဘက်ကလည်း မှားယွင်းတဲ့ ခေါင်းဆောင်မှု၊ ကြွေးကြော်သံတွေနောက်ကိုသာ လိုက်ပြီးတော့ အလုပ်ဖြစ်တဲ့ နိုင်ငံရေးကို နားမလည်ရင်တော့ ကျွန်တော် တို့ တိုင်းပြည်ဟာ ၂၀၁၅ မှာ အနုတ်လက္ခဏာပေါင်းများစွာ နဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရမယ့် တိုင်းပြည်ဖြစ်မယ်လို့ ကျွန်တော်တွက်ချက်မိပါတယ်။

**ဦးသိန်းညွန့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**သယ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်**

မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ အစိုးရသစ်တက်လာပြီး ၂၀၁၂ ခုနှစ်စပြီး ပြုပြင်ပြောင်းလဲမှုတွေ အများအပြား လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံရဲ့စီးပွားရေး၊ ကုန်သွယ်ရေး၊ ပြည်တွင်းထုတ်လုပ်မှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာတာ တွေ့ရပါတယ်။

ဥပမာ - လှိုင်သာယာမှာ စက်မှုဇုန်ခွဲ ၁၀ ဇုန်ရှိရာမှ ဇုန်ခွဲ ၁၂ ဇုန်၊ စက်ရုံ ၇၀၀ ကျော်ရှိရာမှ ယနေ့ စက်ရုံ ၁၀၀၀ ခန့်ရှိလာပါတယ်။ စက်ရုံလုပ်သား ၈၀၀၀၀ ကျော်က ယနေ့လုပ်သား ၁၂၀၀၀၀ အထိ တိုးတက်လာပြီး ထုတ်ကုန်တန်ဖိုး ၂၀ ရာခိုင်နှုန်းလောက် တိုးတက်ထုတ်လုပ်နိုင်တာ တွေ့ရှိရပါတယ်။

မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကလည်း စက်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်မှာ စက်ရုံမဆောက်ဘဲထားတဲ့လုပ်ငန်းရှင်တွေကို စက်ရုံတွေ အမြန်ဆုံးဆောက်ဖို့၊ သတ်မှတ်ချိန်အတွင်း မဆောက်ဖြစ်ခဲ့ရင် အမှန်တကယ်ဆောက်မယ့် လုပ်ငန်းရှင်တွေထံ လွှဲပြောင်းဖို့ နှိုးဆော်ထားပါတယ်။

အလားတူ ပြည်တွင်းပြည်ပ ကုန်သွယ်မှုမှာ အထူးသဖြင့် တရားမဝင်ကုန်သွယ်မှုကို ပညာပေးထိန်းကျောင်းပေးတဲ့အတွက် ကုန်သွယ်မှုနှစ်ဆ တိုးလာတာလည်း တွေ့ရမှာဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်ကြီးလည်း တစ်နှစ်အတွင်း စက်ရုံအချို့ စတင်လည်ပတ်နိုင်တော့မှာ ဖြစ်ပါတယ်။ F.D.I များကိုလည်း အခွန်ကင်းလွတ်ခွင့် (၅)နှစ်အထက် ပေးထားတဲ့အတွက် သဘာဝဓာတ်ငွေ့နဲ့ သယံဇာတ ရှာဖွေတူးဖော်ရေးလုပ်ငန်း၊ အထည်ချုပ်ကဲ့သို့သော စက်ရုံအများအပြား ဝင်ရောက်လာတယ်။ မော်တော်ကား အီလက်ထရွန်နစ်စက်ရုံ၊ စက်ပစ္စည်းစက်ရုံအမျိုးမျိုး ထုတ်လုပ်တဲ့ စက်ရုံကြီးများကတော့ ရေရှည်နိုင်ငံရေးတည်ငြိမ်မှုနဲ့ လျှပ်စစ်စွမ်းအင်အပြည့်အဝရရှိရေးအတွက် စောင့်နေပုံရတယ်။

၂၀၁၅ မှစပြီး မြန်မာနိုင်ငံဟာ AEC ခေါ်တဲ့ အာရှစီးပွားရေးအသိုက်အဝန်းမှာ လိုက်ပါရတော့မှာဆိုတော့ အာရှနိုင်ငံမှ ထုတ်ကုန်ပစ္စည်းတွေ မြန်မာနိုင်ငံအတွင်း အခွန်လွတ်တင်သွင်းရောင်းချနိုင်တော့မှာ ဖြစ်တဲ့အတွက် သွင်းကုန်ပစ္စည်းများကို အများပြည်သူက ပိုမိုသက်သာသော ဈေးများနဲ့ ဝယ်ယူသုံးစွဲခွင့် ရရှိလာမယ်။

EU မှာလို ဗီဇာမလိုဘဲ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဝင်ထွက်သွားလာခွင့်ရတော့မှာ ဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းလည်း ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းလုပ်သားများကလည်း အာရှနိုင်ငံများအတွင်း ဝင်ထွက်သွားလာဖို့ ပိုမိုလွယ်ကူလာတဲ့အတွက် ပို၍လစာကောင်းတဲ့ နိုင်ငံတွေမှာ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြမှာဖြစ်ပါတယ်။

မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များကတော့ တစ်ဖက်နိုင်ငံတွေက မြန်မာ့ပို့ကုန်များကို အကောက်ခွန်မယူတော့တဲ့အတွက် အကျိုးအမြတ် ပိုမိုရရှိလာမယ်။

ဒါပေမယ့် တစ်ဖက်ကလည်း ပြည်တွင်း စက်မှုဇုန်တွေအတွက် စိန်ခေါ်မှုတွေ အများအပြား ပိုမိုခံစားရမှာ။ အာရှက အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းလာတဲ့ စက်မှုကုန်ချောပစ္စည်းတွေနဲ့ ပြည်တွင်းဖြစ်တွေ ဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချနိုင်ရမှာ ဖြစ်ပါတယ်။

၂၀၁၅ မှစပြီး ပြည်တွင်းစက်ရုံများအနေနဲ့ ဈေးသက်သာပြီး အရည်အသွေးမီ ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှ ရပ်တည်နိုင်မှာပါ။ ပြည်ပက နည်းပညာသစ်များကို ရရှိလာအောင် ကြိုးစားကြမှဖြစ်မယ်။

ပြည်ပကို ကျွမ်းကျင်လုပ်သားအများအပြား ရွှေ့ပြောင်းကြတဲ့အတွက် စက်ရုံများဟာ မိမိစက်ရုံအများစုက လုပ်သားသစ်များ သင်ကြားမွေးထုတ်ကြသော်လည်း လုံလောက်မှုမရှိတဲ့အတွက် နိုင်ငံတော်က စက်မှုဇုန်များ တစ်ဝိုက်မှာ စက်မှုလုပ်သားသင်တန်းကျောင်းများ၊ ကျွမ်းကျင်သင်တန်းများ၊ Duel Tech Training, Vocational Training သင်တန်းများကို Germany မှ G.I.Z, Japan မှ JICA လို နည်းပညာအကူအညီ၊ သင်တန်းဆရာအကူအညီ၊ လက်တွေ့သင်တန်းသုံးစက်ပစ္စည်း အကူအညီများရယူပြီး သင်တန်းကျောင်းများ အမြန်တည်ဆောက်ပေးဖို့ လိုအပ်နေပါတယ်။ နိုင်ငံခြားသား၊ နိုင်ငံသားများကိုလည်း JV အသွင်ဖြင့် တရားဝင်သင်တန်းကျောင်းဖွင့်ခွင့်ပြုပြီး ကျွမ်းကျင်လုပ်သားအများအပြား မွေးထုတ်ပေးနိုင်ရန် အကြံပြုလိုပါတယ်။

ဒ့ါအပြင် သဘာဝဓာတ်ငွေ့နဲ့ သယံဇာတပစ္စည်းများကို ကုန်ကြမ်းထွက်ရှိတဲ့အတိုင်း ရောင်းချတာ ကျွန်တော်တို့ တွေ့ရပါတယ်။ စီးပွားရေးပိတ်ဆို့မှု မပြုလုပ်ခင် ဂျပန်နဲ့ သဘောတူခဲ့တဲ့ ကမ်းလွန်က ထွက်ရှိတဲ့ ဓာတ်ငွေ့ကို 3 in 1 Project လျှပ်စစ်၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ကော်စေ့လို ဓာတုဗေဒပစ္စည်းများ ထုတ်နိုင်ဖို့၊ သဘာဝဓာတ်ငွေ့ကို ဓာတ်ငွေ့အရည် အသွင်ပြောင်းပြီး ပြည်ပတင်ပို့ရောင်းချနိုင်ဖို့၊ ကျောက်စိမ်းတုံးကို ဒီအတိုင်းရောင်းမယ့်အစား လက်ဝတ်ရတနာ၊ အနုပညာပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ဖို့၊ စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ပစ္စည်းထုတ်ကုန်များကိုလည်း ယခုထက်ပိုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရဖို့ အားလုံးက ကြိုးစားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း အခြားနိုင်ငံများလို တန်ဖိုးမြှင့်ထုတ်ကုန်အပေါ် Expo Subsidize မလုပ်နိုင်ရင်တောင် ပို့ကုန်အပေါ် အခွန်လုံးဝမယူဖို့ လိုအပ်ပါတယ်။ တန်ဖိုးမြှင့်ပစ္စည်းက ဈေးပိုရတဲ့အပြင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ အများအပြားရရှိလာမှာဖြစ်တဲ့အတွက် LDC နိုင်ငံအဖြစ်မှ လွတ်မြောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ခြုံငုံသုံးသပ်ပြောရရင် ၂၀၁၅ မြန်မာ့စီးပွားရေး မျှော်လင့်ချက်အလားအလာကတော့ နိုင်ငံရေး တည်ငြိမ်မှုအပေါ်မှာပဲ အဓိကတည်မှီနေပါလိမ့်မယ်လို့ သုံးသပ်ပြောကြားလိုပါတယ်။

**ဦးမြတ်သင်းအောင်**
**ကုန်သည်/စက်မှုအသင်းချုပ်**
**ဗဟိုအလုပ်အမှုဆောင်နှင့်**
**လှိုင်သာယာစက်မှုဇုန် ဥက္ကဌ**

၂၀၁၅ နှစ်သစ်က နိုင်ငံ့ဝန်ထမ်းတွေအတွက် မျှော်လင့်ချက်ပိုကောင်းတဲ့နှစ်လို့ ပြောလို့ရပါမယ်။ နိုင်ငံဝန်ထမ်းတွေရဲ့ စားဝတ်နေရေးအဆင်ပြေအောင် နိုင်ငံတော်က တာဝန်ရှိသူတွေ စီစဉ်ဆောင်ရွက်နေလို့ဖြစ်ပါတယ်။ လုပ်ပေးသင့်ပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အစမှာ နိုင်ငံ့ဝန်ထမ်းတွေ လစာတိုးမှာဆိုတော့ ၂၀၁၅ နှစ်သစ်ကို နိုင်ငံ့ဝန်ထမ်းတွေ ပိုမျှော်လင့်ကြတာပေါ့။ ဒါပေမယ့် နိုင်ငံတော်ကလည်း ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသော အုပ်ချုပ်ရေးဖြစ်လာဖို့ နိုင်ငံ့ဝန်ထမ်းတွေအပေါ် ပြန်ပြီးမျှော်လင့်ထားတာ မမေ့ဖို့လိုပါတယ်။


**နိုင်ငံ့ဝန်ထမ်းတစ်ဦး**

၂၀၁၅ နှစ်သစ်မှာ အကောင်းဆုံးတွေကိုပဲ မျှော်လင့်ပါတယ်။ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေဖို့၊ ဆင်းရဲချမ်းသာကွာဟမှုတွေ ပိုနည်းသွားဖို့ မျှော်လင့်မိတယ်။ ကျွန်တော်အပါအဝင် အားလုံးအတွက်ပေါ့။ လူဆိုတာ အကောင်းဆုံးဖြစ်ဖို့ပဲ မျှော်လင့်ကြတာလေ။ ဒါကြောင့် ၂၀၁၄ ခုနှစ်ထက် ပိုကောင်းလာမယ်လို့ မျှော်လင့်တယ်။ ဆုတောင်းတာမဟုတ်ဘူး။ မျှော်လင့်ချက်ထားတာပါ။

**ကိုအောင်ကိုဝင်း**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

၂၀၁၅ နှစ်သစ်မှာ သာယာဝပြောတဲ့ မြန်မာနိုင်ငံကြီးဖြစ်ဖို့၊ လောကပါလတရား ထွန်းကားပြီး ဗြဟ္မစိုရ်တရားပြည့်ဝတဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ မျှော်လင့်တယ်။ အဲဒါ အဓိကပဲလေ။ ၂၀၁၅ နှစ်သစ်မှာ တိုင်းပြည်ပိုအေးချမ်းတာနဲ့အမျှ နိုင်ငံခြားက စီးပွားရေးလုပ်ချင်သူတွေ ပိုဝင်လာမှာပဲ။ မတည်ငြိမ်ရင်တော့ ဘယ်သူက ရင်းနှီးမြှုပ်နှံမှုလာလုပ်မှာလဲ။ ဒါကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ကောင်းဖို့ကို ပိုပြီးမျှော်လင့်ပါတယ်။

**ကိုကျော်ဇင်မြင့်**
**(၇)ရပ်ကွက် သယ်န်းကျွန်းမြို့နယ်**






သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၃)နေ ဦးမောင်မောင်လေး-ဒေါ်မြင့်မြင့်ခိုင် (မောင်မောင်လေး နှင့်ညီများ အိမ်ဆောက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းမျိုးစုံအရောင်းဆိုင်) မိသားစုမှ ၄-၁-၂၀၁၅ ရက် (လွတ်လပ်ရေးနေ့) တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မစိုးရိမ်တိုက်သစ်တွင် ဆောက်လုပ်ပြီးသော ဓမ္မ မုဒိတာရောင်ခြည် နှစ်ထပ်ကျောင်းဆောင်သစ်အား နိုင်ငံတော်သံဃမဟာနာယကပါဝင်သော ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့်ဇနီးအမှူးပြု၍ သာသနာရေးဝန်ထမ်းအကြီးအကဲများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ကျောင်းလှူတံပူဇော် ရေစက်ချလှူဒါန်းပွဲကြီးကို ခမ်းနားစွာ ပြုလုပ်လှူဒါန်းသည်ကို မြင်တွေ့ဝမ်းမြောက် သာဓုခေါ်ဆိုပါကြောင်း၊ ဆက်လက်ပြီး အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ အလှူ့ရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မောင်မောင်လေးနှင့်ညီများ**
**အိမ်ဆောက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းမျိုးစုံ အရောင်းဆိုင်**
**(နေပြည်တော်- တောင်ဒဂုံ- သာကေတ) ဝန်ထမ်းများအားလုံး**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက်က မဘိမ်းမြို့နယ် မန်ကူချောင်းဆုံတွင် ငွားလူးနှင့် ၎င်း၏ဇနီး မချွမ်းမန်းထားတို့အား ရှာဖွေရာ မချွမ်းမန်းထား လွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၈ ပြား သိမ်းဆည်းရမိသဖြင့် ငွားလူး (၃၆)နှစ်နှင့် မချွမ်းမန်းထား (၃၈)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၈ ရက်က လွိုင်လင်မြို့နယ် ပင်လုံမြို့ ကျူရုံးကျေးရွာ (၁၈) လုံးအိမ်တန်းနေ မနန်းအေးထွန်း၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ မီးဖိုခန်းရှိ ခေါက်ဆွဲဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ အား သိမ်းဆည်းရမိသဖြင့် မနန်းအေးထွန်း (၃၀) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

နယ်မြေခံတပ်မှ ကုန်းကြမ်းမြို့နယ် တာကျိုင်းကင်းစခန်းရှေ့တွင် လုံခြုံရေး ဆောင်ရွက်နေစဉ် ဇန်နဝါရီ ၅ ရက်က ဟုံအိုင်ကျေးရွာဘက်မှ လီကျားဝေ့မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း ဘီးအပိုအောက်ရှိ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၈၀ နှင့် တရုတ်လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိ၍ မော်ထိုက်နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်သဖြင့် လီကျားဝေ့(၂၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



ငွားလူးနှင့် မချွမ်းမန်းထားတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# သုံးခွမြို့တွင် စည်းကမ်းမလိုက်နာသော မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူ

**သုံးခွ ဇန်နဝါရီ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ယာဉ်မတော်တဆထိခိုက်မှုများနှင့် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ လိုက်နာစေရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၆)ရပ်ကွက် အောင်ဇေယျလမ်းမကြီး၌ ရှောင်တခင် စစ်ဆေး၍ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ ဆိုင်ကယ်တစ်စီးတွင် နှစ်ယောက်ထက်ပို၍ စီးနင်းမောင်းနှင်သူများ၊ ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးမတပ်ဘဲ စီးနင်းမောင်းနှင်သူများနှင့်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်၍ မောင်းနှင်သူ ၃၃ ဦးအား အရေးယူ၍ မြို့နယ်တရားရုံးသို့ ပို့ဆောင်တရားစွဲဆိုရာ တရားရုံးမှ တစ်ဦးလျှင် ဒဏ်ငွေကျပ် ၁၅၀၀ စီ အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်မြို့၌ မီးလောင်မှု ၂၆၀ ကျော်ဖြစ်ပွားခဲ့ရာ ပေါ့ဆမီး အကြိမ် ၁၂၀ ဖြင့် အများဆုံးပါဝင်နေ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၄ခုနှစ် တစ်နှစ်တာအတွင်း မီးလောင်ကျွမ်းမှုပေါင်း ၂၆၆ ကြိမ်ဖြစ်ပွားခဲ့ရာ ပေါ့ဆမီးလောင်ကျွမ်းမှုမှာ အကြိမ်ရေအများဆုံး ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုများအနက်တွင် ပေါ့ဆမီး အကြိမ် ၁၂၀၊ လျှပ်စစ်ကြောင့်လောင်သောမီး ၁၀၁ ကြိမ်၊ မီးဖိုမီး ၂၆ ကြိမ်၊ မသမာသူရှို့မီး ၁၆ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ တောမီးတစ်ကြိမ် စသည်ဖြင့် ပါဝင်ဖြစ်ပွားခဲ့ကာအိမ်ခြေအဆောက်အအုံ ၁၉၇ လုံး၊ စက်ရုံအလုပ်ရုံတစ်ခု၊ ဂိုဒေါင်ခြောက်လုံးဆုံးရှုံးခဲ့ပြီးသေဆုံးသူခြောက်ဦး၊ ဒဏ်ရာရသူ ၅၅ ဦး၊ မီးဘေးဒုက္ခသည် ၃၀၀ ကျော်၊ ကျွဲနွားတိရစ္ဆာန်ပေါင်းကောင်ရေ ၇၀၀ တို့ ဆုံးရှုံးခဲ့ကာခန့်မှန်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၃၂၈၇၈၂၃၀၀ ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာလတစ်လတည်းအတွင်းမှာပင် မီးလောင်ကျွမ်းမှုပေါင်း ၃၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းအနက်တွင် မီးဖိုမီးလေးကြိမ်၊ ပေါ့ဆမီး ၁၅ကြိမ်၊ လျှပ်စစ်ကြောင့်လောင်သောမီး ၁၀ကြိမ်၊ ရှို့မီးနှစ်ကြိမ်တို့ ဖြစ်ပွားခဲ့ကြောင်း၊ ထိုမီးလောင်ကျွမ်းမှုများကြောင့် အိမ်ခြေအဆောက်အအုံ ၁၇လုံး၊ ဂိုဒေါင်တစ်လုံးတို့ဆုံးရှုံးခဲ့ပြီး သေဆုံးသူသုံးဦး၊ ဒဏ်ရာရသူငါးဦးတို့ ရှိခဲ့ကာခန့်မှန်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၆၉၄၉၈၀၀၀ ဖြစ်သည်။

မကြာမီကာလတွင် ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ရာမီးလောင်ကျွမ်းမှုများလျော့နည်းကျဆင်းကာ မလိုလားအပ်သောပျက်စီးဆုံးရှုံးမှုများမှ ကင်းဝေးစေရန်အတွက် အများပြည်သူတို့မှလည်း သတိပေးနှိုးဆော်ချက်များအတိုင်း လေးစားလိုက်နာကြရန်လိုအပ်ကြောင်း သိရသည်။ **(၆၈၀)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁-၂၀၁၅ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၈း၂၀ | ကလေးတို့ ကမ္ဘာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၇၆) |
| ၁၁း၀၀ | Star တို့ရဲ့လက်ရာ |
| ၁း၀၀ | "ဝိပဿနာအလုပ်ပေး"တရားတော် (အပိုင်း-၁) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)] |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၀၈) |
| ၄း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြယ်ကလေးရဲ့ကောင်းကင်" (အပိုင်း-၁) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၀၉) |
| ၇း၁၅ | Fashion Week (ဒီဇိုင်နာမလတ်) |
| ၇း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စစ်မှန်သောချမ်းသာခြင်း] (အပိုင်း-၂) |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၇၇) |
| ၁၀း၀၅ | MRTV-4 Stage |
| ၂း၃၀ | Spain Laliga BarcelonaVs Atletico Madrid (LIVE) |
| ၄း၃၀ | နှယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းကိုင်းများဖြင့် တြိဂံပုံ ဒီဇိုင်း အလှပြင်ဆင်ပုံ) |


**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

# မုဒုံတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မုဒုံ ဇန်နဝါရီ ၁၀**

မူးယစ်တပ်ဖွဲ့စု (၃၈) မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက မုဒုံမြို့နယ် မြို့မ (၄) ရပ်ကွက် ပိတောက်ရွှေဝါ (၄) လမ်းရှိ မဇာဇာနေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မဇာဇာ (၂၈)နှစ်နှင့်အတူ မောင်ဖြစ်သူ မင်းဝင်းမောင် (ခ)ညီညီ(၂၄)နှစ်နှင့် မုဒုံမြို့ မြို့မ(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ မင်းမင်းအောင်(၂၃)နှစ် တို့ သုံးဦးအား တွေ့ရှိခဲ့ပြီး နေအိမ်ဧည့်ခန်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြား (အလေးချိန် ၁ ဒသမ ၈ ဂရမ်) နှင့်မင်းမင်းအောင်၏ ဘောင်းဘီရှည် အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြား (အလေးချိန် ၁ ဒသမ ၃ ဂရမ်) စုစုပေါင်း ဆေးပြား ၃၁ ပြား (အလေးချိန် ၃ ဒသမ ၁ ဂရမ်) တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မုဒုံမြို့မရဲစခန်းမှ မဇာဇာ၊ မင်းဝင်းမောင်နှင့် မင်းမင်းအောင်တို့ သုံးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဆက်နေမင်းအောင်)**











# တောင်ပေါ်နေသူများ ဒေသထွက်ကုန် လွယ်ကူစွာပို့နိုင်မည်



**တပ်ကုန်း၊ ဇန်နဝါရီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ခေတ်အေးကျေးရွာနှင့် ကျောက်ဖျာကျေးရွာကို ဆက်ထားသော မြေသားလမ်းအား ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှစတင်၍ ဖောက်လုပ်လျက်ရှိရာ ယခုဇန်နဝါရီလအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က ပြောသည်။

အဆိုပါ လမ်းပိုင်းသည် အရှည် လေးမိုင်ခွဲရှိပြီး ၁၈ ပေကျယ်သော ကျေးရွာချင်းဆက်လမ်းတစ်ခုဖြစ်ကာ နေပြည်တော်ကောင်စီမှ ငွေကျပ် ၇၂၈ သိန်းဖြင့် မွန်းရေးကုမ္ပဏီက တာဝန်ယူ ဖောက်လုပ်ပေးလျက်ရှိကြောင်းနှင့် ယခင်က ၁၀ ပေအကျယ်လမ်း ဖောက်လုပ်ထားရှိမှုအား ယခုလက်ရှိတွင် လမ်းအကျယ်ကို ထပ်မံချဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"အရင်က စိုက်ပျိုးထားတဲ့အသီးအနှံတွေကို အဝယ်လက်တွေဆီကို ပို့တဲ့အခါ သယ်ယူစရိတ်အတွက် တောင်ပေါ်ကနေ တောင်အောက်ကိုသယ်ဖို့ ထမ်းတဲ့သူတွေကို သယ်တဲ့အသီးအနှံရဲ့ တစ်ဝက်လောက်ကို ထမ်းခအဖြစ်ပေးရတယ်။ ဒါကြောင့် ရရှိတဲ့အကျိုးအမြတ်က သယ်တဲ့စရိတ်အတွက် တစ်ဝက်လောက်ပြန်ဝင်သွားတယ်။ အခုလမ်းကောင်းတော့ ကိုယ်တိုင်သယ်တော့ အကျိုးအမြတ် အပြည့်အဝရတယ်" ဟု ယင်းကျေးရွာမှ ၄က်ပျောစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယခု ဖောက်လုပ်လျက်ရှိသော လမ်းပိုင်းဖောက်လုပ်ပြီးနောက် အဝယ်ဒိုင်များအထိ ဆိုင်ကယ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရောင်းချနိုင်ပြီဖြစ်သဖြင့် ရရှိမည့်ဝင်ငွေ တိုးလာနိုင်ကြောင်း ကျောက်ဖျာကျေးရွာမှ ၄က်ပျောစိုက်ပျိုးသူများက မျှော်လင့်ထားကြောင်း သိရသည်။

ယခင်လမ်းမဖောက်မီ ကျောက်ဖျာရွာမှ တောင်ခြေရှိ ခေတ်အေးကျေးရွာသို့ ခြေကျင်ဆင်းပါက နှစ်နာရီခန့်ကြာမြင့်ပြီး ယခုအခါ ဆိုင်ကယ်ဖြင့်သွားလာနိုင်သဖြင့် မိနစ် ၂၀ ခန့်နှင့် ရောက်ရှိသည့်အတွက် အချိန်များစွာ သက်သာလာကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က ပြောသည်။

ကျောက်ဖျာကျေးရွာသည် လူဦးရေ ၉၀၆ ဦးရှိသော ရွာတစ်ရွာဖြစ်သော်လည်း ဆေးခန်းနှင့် တာဝန်ကျဆရာဝန်မရှိသေး၍ ယခင်က ကျန်းမာရေးပြဿနာများပေါ်ပေါက်သည့်အခါတိုင်း ရွာသားများက ပုခက်ဖြင့်ထမ်း၍ နီးစပ်ရာဆေးရုံသို့ သွားရောက်ပို့ဆောင်ရပြီး အဆိုပါ လမ်းဖောက်လုပ်မှုကြောင့် ထိုအခက်အခဲများ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းဦးသန်းထိုက်ကပြောသည်။

ထို့ပြင် မြေသားလမ်းအမျိုးအစားဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းချော်မှုများဖြစ်နိုင်၍ ကျောက်ခင်းလမ်း တိုးမြှင့်ဖောက်လုပ်နိုင်ရန် တောင်ပေါ်နေ ရွာသူရွာသားများက ဆန္ဒရှိနေကြောင်း သိရသည်။

**ခင်ခင်သက်**

# ရုံးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းပို့ချ

**ဘားအံ၊ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ရှေးဦးစွာ ကရင်ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်ရေးအတွက် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ ငွေစာရင်း ထိန်းသိမ်းနည်း၊ ဝင်စာ၊ ထွက်စာများ အရေးယူဆောင်ရွက်ခြင်း၊ ရုံးစာရေးသားနည်း၊ ဓာတ်ပုံနှင့် သတင်းရေးသားပေးပို့နည်း၊ စာကြည့်တိုက်လုပ်ငန်း (စီမံခန့်ခွဲရေး)၊ စာကြည့်တိုက်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ စသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပို့ချပေးသွားမည်ဖြစ်ပြီး ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ၊ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးဝန်ထမ်း ၃၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်ပွား၍ အစေးခြစ်လုပ်ငန်းယာယီရပ်ဆိုင်းထား

**ရေး၊ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်အနီးအနားတစ်ဝိုက်၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ရက်အထိ အချိန်အခါမဟုတ် မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုများကြောင့် နှစ်ရှည်ပင်ရော်ဘာအစေးခြစ်လုပ်ငန်းကို ယာယီရပ်ဆိုင်းထားရကြောင်းသိရသည်။

ရော်ဘာအစေးခြစ် လုပ်ငန်းကာလကိုလည်း ရွက်ကြွေချိန်အထိအစေးခြစ်လုပ်ငန်းခွင်ကို လုပ်ကိုင်ကြမည်ဖြစ်ရာ ထွက်ရှိလာသော ရော်ဘာကုန်ကြမ်းများမှာ စိုက်ပျိုးသူအများစုက မျှော်လင့်ထားကြသော ဈေးနှုန်း မရရှိကြသည့်အတွက် ရော်ဘာရာသီ ဈေးကွက်အနေဖြင့် နှိုင်းယှဉ်ကြည့်လျှင် ယမန်နှစ်များထက် ရရှိသော ဈေးနှုန်းများမှာ အနိမ့်ပိုင်းကိုသာဦးတည်နေလျက်ရှိကြောင်း အလုပ်သမားစရိတ်နှင့် ခြံစရိတ်များမှာ မြင့်မားနေသဖြင့် ခြံရှင်အများအစုမှာ တွက်ခြေမကိုက်ဖြစ်နေကြကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**

# rbdjynfolsm;xltod;wifjcif

၁။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးရန် ကျန်ရှိသူများအတွက် နိုင်ငံ တစ်ဝန်းတွင် ကွင်းဆင်းဆောင်ရွက်ပေးမည့် မိုးပွင့်(အထူး)စီမံချက်အား ၁-၁-၂၀၁၅ ရက်နေ့မှ ၃၀-၆-၂၀၁၅ ရက်နေ့အထိ ၆ လတာကာလအတွင်း မိုးပွင့်စီမံချက်များ၏ ဆက်စပ်အရှိန်မြင့် လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မိဘပြည်သူများမှ အောက်ပါအထောက်အထားများ ပါရှိရပါမည်-

(က) အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှုအတွက်
- (၁) အိမ်ထောင်ဦးစီး၏ လျှောက်လွှာ
- (၂) နောက်ဆုံးနေထိုင်ခဲ့သော မြို့နယ်မှ ထုတ်ပေးသည့် ပြောင်းရွှေ့ပုံစံ-၁၀
- (၃) ရက်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
- (၄) လူဦးရေတိုးခြင်းအတွက် လက်ခံမည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် အိမ်ထောင်ဦးစီး၏ သဘောတူညီချက်
- (၅) မွေးဖွားသူအမည်စာရင်းတိုးခြင်းအတွက်မွေးဖွားကြောင်းပုံစံထွေ-၁(က)(သို့)မွေးစာရင်း၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှုအတွက်
- (၁) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆
- (၂) ဖြည့်စွက်ပြီးသော ရွှေ့ပြောင်းလျှောက်လွှာ
- (၃) အသက်အတွက် ကျောင်းထောက်ခံချက်(သို့မဟုတ်) မွေးစာရင်း
- (၄) မိဘနှစ်ပါးကိုင်ဆောင်ခဲ့သော အထောက်အထားလက်မှတ်
- (၅) သွေးစစ်လက်မှတ်
- (၆) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
- (၇) (၀. ၈လက်မ×၀. ၈ လက်မ)အရွယ်ဓာတ်ပုံ(၄)ပုံ(မျက်မှန်မပါ)

၃။ အထက်ဖော်ပြပါအထောက်အထားများအား ကွင်းဆင်းအဖွဲ့မှ လာရောက်ချိန်တွင် ပေးအပ်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်ဖြစ်ပါသည်။

၄။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ အောက်ပါအတိုင်းဆောင်ရွက်ပေးသွားပါမည်-

(က) ရာအိမ်မှူး/ဆယ်အိမ်မှူးများမှ မိမိနယ်မြေအလိုက် လဝကအိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်သူ များအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်/လဲလှယ်/မိတ္တူ လျှောက်ထားလိုသူများ၏ စာရင်းအား ကောက်ယူပြုစုပါမည်။

(ခ) ထိုသူများထံရွှေ့ပြောင်းလျှောက်လွှာ ပုံစံများအား အခမဲ့ကြိုတင်ဖြန့်ဝေပါမည်။

(ဂ) ဖြည့်သွင်းပြီးသည့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သတ်မှတ်ရက်တွင် ပြန်လည်တောင်းခံရပါမည်။

(ဃ) လျှောက်ထားမည့်သူများအား ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ထုတ်ပေးပါမည်။

(င) ကွင်းဆင်းအဖွဲ့များလာရောက်ရမည့် နေ့ရက်နှင့်နေရာအား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၅။ ကွင်းဆင်းအဖွဲ့မှ အောက်ပါအတိုင်း ဆောင်ရွက်ပေးသွားပါမည်-

(က) လျှောက်ထားသူများ၏ ရွှေ့ပြောင်းလျှောက်လွှာ ဖြည့်သွင်းချက်များ မှန်ကန်မှုရှိ/မရှိ အထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုပါမည်။

(ခ) အတည်ပြုပြီးသူများအား နိုင်-၂ ဖြည့်သွင်းခြင်း၊ လက်ဗွေနှိပ်ခြင်း၊ကာယကံရှင်မှ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပါမည်။

၆။ အသေးစိတ် သိလိုပါက အနီးစပ်ဆုံး မြို့နယ်လဝကရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ အောက်ပါတယ်လီဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ၀၆၇-၄၃၁၀၄၅ (ခ) ၀၆၇-၄၃၁၀၄၇

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

# အသက်တစ်နှစ်ခွဲကလေးများအား လစဉ်ကာကွယ်ဆေးထိုးနှံ

**နေပြည်တော်၊ ဇန်နဝါရီ ၁၀**

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လက်ပံခါးလှ၊ တောက်ထိန်၊ တဲကြီးကုန်း၊ ရှားတောနှင့် ဂုံးမင်းအင်းကျေးရွာတို့တွင် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ အသက်တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးရေးကို ကျေးလက်ကျန်းမာရေးဌာန ရှားတောဌာနခွဲမှ လစဉ်ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အသက်တစ်နှစ်ခွဲအောက် ကလေးများကို ဝက်သက်၊ ပိုလီယို၊ Penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီနှင့် လူးစေ့တီဘီပိုးကာကွယ်နိုင်ရန် BCG ဆေးမျိုးများ တိုက်ကျွေးထိုးနှံပေးကာ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ရှားတောကျေးလက်ကျန်းမာရေးဌာနခွဲ၌ အပတ်စဉ်အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို အခမဲ့ဆောင်ရွက်ပေးသည်။

**(သန့်မောင်)**

# အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး ၁၀ မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင်ဖော်ပြချက် |
|---|---|---|
| 1 | Analgin Injection (Analgin 500 mg/2ml) | shan ghai Xiandai Hasen (Shangqiu)p'cal Co.Ltd.,China |
| 2 | Cyproheptadine Hydrochloride Table (Cyproheptadine HCL 4mg) | New Life Phama Co.Ltd.,Thailand |
| 3 | Dexamethasone Tablet (Dexamcthasone 0.5mg) | New Life Phama Co.Ltd., Thailand |
| 4 | Hydrocortisone Injection(10mg/2ml) | Huazhong P'Cal Co.,Ltd |
| 5 | Erythromycin Ointment | တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။ |
| 6 | Phenolphthalein Tablet | Shanxi Xinxing P'cal Co.,Ltd |
| 7 | Phenolphthalein Tablet | Linfen Baozhu P'cal Co.Ltd |
| 8 | Dicotil Tablet (Loperamide HCl 2mg) | Picco Pharma Co.ltd.,Bangkok |
| 9 | Oxypat Tablet (Diclofenac Sodium IP 50mg,Paracetamol IP 325 mg) | Subrex Laboratories,India |
| 10 | Dexoph Eye/Ear Drops 4ml (Dexamethasone Phosphate 0.1%) Neomycin sulfate 0.5 % | Seng Thai Co.Ltd Partnership Thailand |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကိုဝယ်ယူသုံးစွဲခြင်းမပြု ကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိ တို့သုံးစွဲနေသည့်ဆေးဝါးများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင် ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံ တင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းကုန်ဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း က အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၁၄ အတွက် FIFA Ballon d'Or ဆု ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာမည်

၂၀၁၄ ခုနှစ် FIFA Ballon d'Or ဆု ဟုခေါ်ဆိုသော ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဇန်နဝါရီ ၁၂ ရက်တွင် ဇူးရစ်မြို့၌ ကြေညာပေးသွားမည်ဖြစ်ရာ ဆန်ခါတင်အဖြစ် ရီးယဲလ်မက်ဒရစ်နှင့် ပေါ်တူဂီတိုက်စစ်မှူး ရိုနယ်ဒို၊ ဘာစီလိုနာနှင့် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီဂိုးသမား မန်နျူရယ်နျူအာတို့ သုံးဦးကို ရွေးချယ်ထားသည်။

**ခရစ္စတီယာနိုရိုနယ်ဒို**

အသက် (၂၉)နှစ်အရွယ်ရှိ ပေါ်တူဂီအသင်းခေါင်းဆောင် ရိုနယ်ဒိုက ရီးယဲလ်မက်ဒရစ်၏ (၁၂)နှစ်ကြာ စောင့်ဆိုင်းခဲ့ရသော (၁၀)ကြိမ်မြောက် ချန်ပီယံလိဂ်ကို ရယူနိုင်ခဲ့ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ချန်ပီယံလိဂ်သွင်းဂိုး ၁၇ ဂိုး အပါအဝင်ပြိုင်ပွဲပေါင်းစုံ၌ စုစုပေါင်း ၆၁ ဂိုးသွင်းယူကာ ဥရောပ ရွှေဖိနပ်ဆုကိုလည်း ရယူထားနိုင်ခဲ့သည်။ ၎င်းအနေဖြင့် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားတွင် ပေါ်တူဂီအသင်းအား အောင်မြင်မှုတစ်စုံတစ်ရာရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သော်လည်း ဘောလုံးကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်အရ ၂၀၁၄ ဖီဖာ Ballon d' Or ဆုကို ရိုနယ်ဒိုသာ ရနိုင်စေသည်ဟု ခန့်မှန်းပေးထားသည်။

**လီယွန်နယ်မက်ဆီ**

၂၀၁၀ ခုနှစ်မှစတင်၍ ဖီဖာအကောင်းဆုံးဘောလုံးသမားဆုနှင့် Ballon d' Or ဆု နှစ်ခုပေါင်း၍ ဖီဖာ Ballon d' Or ဆုအဖြစ် ပေးအပ်ခဲ့ရာ မက်ဆီက ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ သုံးနှစ်ဆက်တိုက် ရယူထားနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်သည်။ အသက် (၂၇) နှစ်အရွယ်ရှိ အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီသည် ၂၀၁၄ ခုနှစ်တွင် ဒဏ်ရာပြဿနာ၊ အခွန်တိမ်းရှောင်မှုပြဿနာများကြောင့် ခြေစွမ်းအနည်းငယ်ကျဆင်းခဲ့သော်လည်း ဘာစီလိုနာအတွက် လာလီဂါ သွင်းဂိုး ၂၈ ဂိုးအပါအဝင် ၄၅ ဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ဦးဆောင်၍ နောက်ဆုံးဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်ခဲ့ပြီး ၎င်းကိုယ်တိုင် သွင်းဂိုးလေးဂိုးသွင်းယူပေးခဲ့ကာ ပြိုင်ပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆုဖြစ်သည့် ရွှေဘောလုံးဆုကိုပါရရှိခဲ့သည်။ သို့သော် ဘာစီလိုနာ၏ ဖလားလက်မဲ့ရာသီ ဖြစ်သန်းခဲ့ရမှုက ကမ္ဘာ့ဖလားအောင်မြင်မှုကို ဖုံးလွှမ်းသွားခဲ့ကာ မက်ဆီအနေဖြင့် ရိုနယ်ဒို၊ နျူအာတို့ကို ယှဉ်ပြိုင်နိုင်ရန် ခက်ခဲနေခဲ့သည်။

**မန်နျူရယ် နျူအာ**

ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်း၏ အောင်မြင်မှုတွင် အဓိကကျခဲ့သူတစ်ဦးမှာ အသက် (၂၈)နှစ် အရွယ်ရှိ ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာပင်ဖြစ်ပြီး ဂျာမနီကစားဖော်များဖြစ်သည့် ဖိလစ်လမ်းနှင့် သောမတ်မူလာတို့ကိုကျော်ဖြတ်ကာ နောက်ဆုံးဆန်ခါတင်စာရင်းတွင် ပါဝင်လာခဲ့သူဖြစ်သည်။

၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း ဖလားနှစ်လုံးရရှိခဲ့ရာတွင် အဓိကပါဝင်ခဲ့သလို ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အံ့ဖွယ်ကာကွယ်မှုအချို့ကိုလုပ်ဆောင်ကာ ဂျာမနီ၏ ၂၄ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသော ကမ္ဘာ့ဖလားကို အရယူပေးခဲ့သူဖြစ်သည်။ ၂၀၁၄ ကမ္ဘာ့ဖလား၏ အကောင်းဆုံးဂိုးသမားဆုကို ရယူနိုင်ခဲ့ပြီး လက်ရှိကမ္ဘာ့အကောင်းဆုံး ဂိုးသမားအဖြစ် သတ်မှတ်ခံထားရသူလည်းဖြစ်သည်။

သို့သော် ကမ္ဘာ့ဘောလုံးစင်မြင့်ထက်မှ နည်းပြများ၊ အသင်းခေါင်းဆောင်များက ဂိုးဖန်တီးမှုကောင်းကောင်းလုပ်ဆောင်နိုင်သူ၊ သွင်းဂိုးများများသွင်းယူပေးထားနိုင်သည့် ကစားသမားများကို ဂိုးသမားများထက် ပိုမိုအလေးပေးမှုများကြောင့် ဂိုးသမားများမှာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို တစ်ကြိမ်တစ်ခါမှ ရရှိခဲ့ဖူးခြင်းမရှိပေ။ ထို့ကြောင့် ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာမည့် Ballon d'Or ဆုကို မည်သူရရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ **(မေလှဲ့သင်း)**

## ယခုတစ်ပတ် ဇန်နဝါရီ ၁၀၊ ၁၂ရက် ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| အာဆင်နယ် | - | စတုတ်စီးတီး | ည - ၈း၀၀ |
| မန်ယူ | - | ဆောက်သမ်တန် | ည - ၁၀း၃၀ |

**လာလီဂါ**

| | | | |
|---|---|---|---|
| အယ်မာရီယာ | - | ဆီဗီလာ | ညနေ - ၅း၃၀ |
| ဘီလ်ဘာအို | - | အယ်လ်ချီ | ည - ၁၀း၃၀ |
| ဂရန်နာဒါ | - | ဆိုစီဒက် | နံနက် - ၀၀း၃၀ |
| ဘာစီလိုနာ | - | အက်သလက်တီကို | နံနက် - ၀၂း၃၀ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| အင်တာမီလန် | - | ဂျီနိုအာ | ညနေ- ၆း၀၀ |
| အတ္တလန်တာ | - | ချီယေဗို | ည - ၈း၃၀ |
| ကယ်ဂရီယာရီ | - | စီဆီနာ | ည - ၈း၃၀ |
| ဖီအိုရင်တီးနား | - | ပါလာမို | ည - ၈း၃၀ |
| ဗီရိုနာ | - | ပါးမား | ည - ၈း၃၀ |
| ရိုးမား | - | လာဇီယို | ည - ၈း၃၀ |
| ဆမ့်ဒိုးရီးယား | - | အယ်ပိုလီ | ည - ၈း၃၀ |
| နာပိုလီ | - | ဂျူဗင်တပ် | နံနက် - ၀၂း၁၅ |

## ဇန်နဝါရီ ၁၀ရက် ည အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ်**

ဆန်းဒါးလန်း ၀ - ၁ လီဗာပူး

**လာလီဂါ**

လီဗန်တေး ၀ - ၀ ဒီပို့တီဗို

**(မောင်မောင်ဇော်)**

## မည်သည့်အသင်းတွင်မဆို မက်ဆီပုံမှန်ပွဲထွက်ခွင့် ရမည်ဟု အန်ဆယ်လော့တီပြော


ရီးယဲလ်မက်ဒရစ်အသင်း၏ ကလက်စီကိုပြိုင်ဘက် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် ကမ္ဘာ့ပေါ်ရှိ မည်သည့်အသင်းတွင်မဆို ပုံမှန်ပွဲထွက်ခွင့်ရမည့်ကစားသမားတစ်ဦးဟု ယုံကြည်ထားကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ကားလို့စ်အန်ဆယ်လော့တီက ပြောကြားလိုက်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု သုံးကြိမ်အထိရရှိထားသည့် တိုက်စစ်မှူးမက်ဆီ၏ ဘာစီလိုနာအနာဂတ်သည် လက်ရှိနည်းပြ ဟင်နရီကေးနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ဘာစီလိုနာ၌ ဆက်ရှိမည်လား၊ ထွက်ခွာမည်လားဆိုသည် သေချာရေရာမှု မရှိဖြစ်ခဲ့ရသည်။

ထို့သို့ ဟင်နရီကေးနှင့် မက်ဆီတို့၏ ဆက်ဆံရေးမပြေလည်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် ချယ်လ်ဆီးအသင်းကလည်းတိုက်စစ်မှူး မက်ဆီအား ယူရိုသန်း ၂၅၀ ဖြင့် ခေါ်ယူမည်ဆိုသည့် သတင်းများထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် တိုက်စစ်မှူး မက်ဆီသည်မည်သည့်အသင်းသို့ သွားရောက်ကစားသည်ဖြစ်စေ ပုံမှန်ပွဲထွက်ခွင့်ရမည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ၎င်း၏ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်း လက်ထောက် နည်းပြစတီဗင်ဟိုလန်းကမူ ချယ်လ်ဆီးအသင်း၏ လက်ရှိကြုံတွေ့နေရသည့် ဘဏ္ဍာရေးပြဿနာကြောင့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား ခေါ်ယူရန်မှာ မဖြစ်နိုင်သည့် အနေအထားတွင်ရှိနေကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**






သွေးသည် အသက်


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
## အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်၏ဘဏ္ဍာငွေ ရယူခြင်းမရှိဘဲ မိမိဝင်ငွေဖြင့် မိမိရပ်တည်ဆောင်ရွက်သွားရန် မူဝါဒပြင်ဆင်ချမှတ်ခဲ့ပြီးဖြစ်ရာ ဌာန၏ဝင်ငွေနှင့် အသုံးစရိတ်မျှတပြီး ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေကြောင်း ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို Management Contract စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ Management Contract စနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် Expression of Interest(EOI) အဆိုပြုလွှာကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ်တွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၁၅ ရက်အတွင်း ရုံးချိန်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံစဉ်းစားရမည့်အကြောင်းအချက်များအားလည်း တစ်ပါတည်းဖြန့်ဝေသွားမည်ဖြစ်ပါသည်။ သိရှိလိုသည့်အချက်များနှင့်ပတ်သက်၍ အောက်ပါပုဂ္ဂိုလ်ထံတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်-


တွဲဖက်အတွင်းရေးမှူး
ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
အထွေထွေမန်နေဂျာရုံးခန်း
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)
အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၇၅၉၊ ၀၁-၃၇၉၃၄၈

၃။ Expression of Interest(EOI) အဆိုပြုလွှာများကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ အထက်အပိုဒ်(၂)ပါ တွဲဖက်အတွင်းရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီထံသို့ လိပ်မူ၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ရုံးချိန်အတွင်း နောက်ဆုံးထား ပြန်လည်တင်သွင်းရန်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**












## အလုံမြို့နယ်၌ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက် ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

အလုံမြို့နယ်အတွင်း ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က သခင်မြပန်းခြံလမ်းအတိုင်းတောင်မှမြောက်သို့ မောင်းနှင်လာသော ဟီးနိုးဘတ်စ်အငှားယာဉ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်းရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ ဝဲဘက်သို့တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်းသိရသည်။


အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ သံဃာတော်နှစ်ပါး၊ အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦးတို့တွင် နာကျင်ဒဏ်ရာများအသီးသီးရရှိခဲ့ကြသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်း/ပြင်ပ(မစိုးရိမ်ရ)လူနာများအဖြစ် ကုသမှုခံယူခဲ့သည်။ ယင်းကဲ့သို့ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်ကာ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်း (စုံစမ်းဆဲ)အား အလုံမြို့မရဲစခန်းက ယာဉ် (ပ)၂/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၈/၃၃၇/၂၇၉/၂၈၂ ဖြင့်အမှုဖွင့် အရေးယူကာ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၄၀)**




## ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သေနတ်တစ်လက် ထပ်မံသိမ်းဆည်းရမိ

**ဘားအံ၊ ဇန်နဝါရီ ၁၀**

ဘားအံမြို့နယ် ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု ရွှေပြည်ထောင်ကျေးရွာ၌ ဇန်နဝါရီ ၂ ရက်က ဖြစ်ပွားခဲ့သော လက်နက်ကိုင်လူသတ်၊ မူးယစ်ဆေးဝါးရောင်းဝယ်နေသည့် ကွင်းဆက်တရားခံများအား လိုက်လံရှာဖွေဖမ်းဆီးရာတွင် AK 47 သေနတ်တစ်လက်နှင့် ကျည်သုံးတောင့်အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်အရသိရသည်။



အဆိုပါပြစ်မှုမှ ဖမ်းဆီးခံထားရသော မိန်လှ(ခ)ကျော်မိန်လှနှင့် အောင်ချမ်းသာ(ခ)ဖိုးခွါးတို့နှစ်ဦးနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ကော့မူးတာကျေးရွာနေ နွတ်ခမ်းမွေး၏နေအိမ်ခြံဝင်းအတွင်း လျှို့ဝှက်သိမ်းဆည်းထားကြောင်းသတင်းအရ ထုံးအိုင်နယ်မြေရဲစခန်း၊ အိန္ဒုနယ်မြေရဲစခန်း၊ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြည်နယ်မှုခင်းအကူ တပ်စုပူးပေါင်းအဖွဲ့သည်သက်သေများနှင့်အတူ ကော့မူးတာကျေးရွာရှိ နွတ်ခမ်းမွေး၏ နေအိမ်ခြံဝင်းသို့ ဇန်နဝါရီ ၆ ရက် ညနေ ၃နာရီက သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အရှေ့ဘက် ပေ ၁၀၀ ခန့်အကွာ ဝါးရုံပင်နှင့် သရက်ပင်အကြားရှိ အမှိုက်ပုံအောက်တွင် ပုဆိုးဖြင့်ထုပ်လျက် သိမ်းဆည်းထားသော AK-47 သေနတ်တစ်လက်နှင့် သေနတ်ကျည်အိမ်အတွင်းမှ ၎င်းကျည်သုံးတောင့်အား စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသော AK-47 သေနတ်သည်ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သော သေနတ်ဖြစ်ကြောင်းသိရသည်။ **ဘုန်းရဲထက်**

## ကြည့်မြင်တိုင်ညဈေးရှိ ဆိုင် ၁၄ ခန်း မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မန်ကျည်းတန်းတောင်အရှေ့ရပ်ကွက်ရှိ ကြည့်မြင်တိုင် ညဈေးတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ဆိုင်ခန်းအမှတ်(၂၀၃)ဆိုင်ရှင် ဦးမွန်မြား၏ ဆိုင်မှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားရာ အနီးရှိဆိုင်ခန်း ၁၄ ခန်းအား ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးထင်ဇော်ဝင်းနှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၉၃ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၆ ဦး၊ မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှုနှင့် အထောက်အကူပြုယာဉ်ခြောက်စီး၊ ကြက်ခြေနီယာဉ်ငါးစီးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများစုပေါင်း မီးငြိမ်းသတ်ခဲ့ကြောင်းသိရသည်။ **ထိန်ဝင်း**

**မီးဘေးရှောင် မလောင်ခင်တား**

## တောင်တွင်းကြီးမြို့နယ်ရှိ ငမင်သစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်များရှာဖွေဖော်ထုတ်သိမ်းဆည်း

**မကွေး ဇန်နဝါရီ ၁၀**

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ရှိ ငမင်သစ်တောကြိုးဝိုင်းအတွင်း၌ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီးချန်ထွန်းအောင်ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ နယ်မြေတာဝန်ခံသစ်တောတောအုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ငမင်သစ်တောကြိုးဝိုင်းအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း ပျဉ်းကတိုး (သစ်မာ) ၀ ဒသမ ၆၆၅၈ တန်နှင့် အခြားခဲ့သား ၂ ဒသမ ၈၁၈၄ တန်ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

ထို့ပြင် မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်အတွင်း ပျဉ်းကတိုး (သစ်မာ)၊ ၀ ဒသမ ၃၃ တန်နှင့် အခြားခဲ့သား ၂ ဒသမ ၄၂၄ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ၍ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးမှူးများထံ အပ်နှံထားကြောင်းသိရသည်။ **ကျော်ဇေယျ**



# မင်းကွန်း ရှေးဟောင်းယဉ်ကျေးမှုဒေသ၌ စနစ်တကျ အမှိုက်စွန့်ပစ်ရေး နှိုးဆော်ဆောင်ရွက်



**စစ်ကိုင်း၊ ဇန်နဝါရီ ၁၀**

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်အများအပြား လာရောက်လည်ပတ်လေ့လာသည့် မင်းကွန်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရနေရာများတွင် အမှိုက်နှင့်ပလတ်စတစ်ကြွပ်ကြွပ်အိတ်ခွံများအား သတ်မှတ်နေရာများတွင်သာ စွန့်ပစ်ပေးကြရန် မင်းကွန်းလေးဌာန ဂေါပကအဖွဲ့က ဘုရားဖူးဧည့်သည်များနှင့် ဒေသခံပြည်သူများအား မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ သတိပေးဆိုင်းဘုတ်များအား ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်သည့် မင်းကွန်းပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး၊ ခေါင်းလောင်းကြီးနှင့် မြသိန်းတန်စေတီတော်အနီးတို့တွင် စိုက်ထူသတိပေး မေတ္တာရပ်ခံထားကြောင်း သိရသည်။

ယခုအခါ မင်းကွန်းပုထိုးတော်ကြီးရှိ သစ်ပင်ပေါင်းမြက်များကိုလည်း ရှင်းလင်းလျက်ရှိနေပြီး အမှိုက်များနှင့် ကြွပ်ကြွပ်အိတ်ခွံ အစရှိသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် ပုထိုးတော်ကြီးအနောက်ဘက်တွင် အမှိုက်စွန့်ပစ်ရန် မြေကျင်းကြီးကို တူးဖော်ပေးထားကြောင်း သိရသည်။

"မင်းကွန်းက ဈေးသည်တွေအားလုံး အမှိုက်နဲ့ ပလတ်စတစ် ကြွပ်ကြွပ်အိတ်တွေကို သတ်မှတ်ထားတဲ့နေရာတွေမှာ စနစ်တကျစွန့်ပစ်နေကြပြီ။ သတိပေးဆိုင်းဘုတ်လေးတွေ စိုက်ထူပေးထားတော့ ဘုရားဖူးဧည့်သည်တွေကလည်း စည်ကမ်းတကျလိုက်နာစွန့်ပစ်ကြတာကို တွေ့လာရတယ်။ အမှိုက်ထဲမှာ ကြွပ်ကြွပ်အိတ်က အဆိုးဝါးဆုံးပဲ။ အမြင်လည်းဆိုးတယ်။

'ဘေးထွက်ဆိုးကျိုးလည်းများတယ်။ ဒေသခံတွေရော ဧည့်သည်တွေပါ စည်းကမ်းရှိရှိ အမှိုက်စွန့်ပစ်လာကြတော့ ရှေးဟောင်းယဉ်ကျေးမှုဒေသရဲ့ ပတ်ဝန်းကျင်လည်း သန့်ရှင်းပြီး အမြင်တင့်တယ်လာတယ်" ဟု မင်းကွန်းအခြေစိုက်ပန်းချီဆရာတစ်ဦးက ပြောသည်။

ယခုအခါ မင်းကွန်းသို့ ပြည်ပခရီးသွားဧည့်သည် ၃၀၀ မှ ၅၀၀ အတွင်း နေ့စဉ်လာရောက် လေ့လာလျက်ရှိနေကြောင်း၊ အများဆုံးလာရောက်သည့် နိုင်ငံသားများမှာ ကိုရီးယားလူမျိုးများဖြစ်ကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

## ပူတာအိုခရိုင် မချမ်းဘောတွင် တောင်သူများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ထုတ်ပေး

**မချမ်းဘော၊ ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့တွင် မြို့နယ်သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းသို့ ဒုတိယအကြိမ် EXIM Bank ဆောင်းသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဦးNဖုန်ဆန်းတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးမှူး ဦးအောင်မောင်းက ပံ့ပိုးချေးငွေထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အခြေခံသမဝါယမအသင်းမှ နမ်ခမ်၊ ထရန်ဒမ်းနှင့် ဆင်လွန်ဒမ်းကျေးရွာရှိ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း (လီမိတက်) အသင်းသား၊ တောင်သူများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ငွေစုငွေချေးသမဝါယမအသင်းသူ၊ အသင်းသား၊ တောင်သူ ၆၈ ဦးကို ချေးငွေစုစုပေါင်း ကျပ် ၆၄ သိန်း ၉ သောင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မချမ်းဘော(ပြန်/ဆက်)**

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လက်ာဒီပကမ္ဗဏီမှတင်ဒါယူ၍ ဟင်းခွက်အိုင်ကျေးရွာသို့ ၄ လက်မစက်ရေတွင်း တူးဖော်ခဲ့ရာ လုပ်ငန်းပြီးစီးမှုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုအား သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်းသိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာမှ စက်ရေတွင်းကော်မတီဝင်များအား စက်ရေတွင်း၊ ရေစက်ရုံ၊ ရေစက်များအား ရေရှည်ကောင်းမွန်ပြီး ပုံမှန်လည်ပတ်မောင်းနှင်နိုင်ရန်အတွက် ကြပ်မတ်ထိန်းသိမ်း၍ ကော်မတီဝင်များအား ကြီးကြပ်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဟင်းခွက်အိုင်ကျေးရွာတွင် အိမ်ခြေ ၂၃၄ အိမ်ရှိပြီး လူဦးရေ ၉၅၅ ဦးနေထိုင်ကြောင်းသိရသည်။ **(ကြေးမုံ)**

## ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း ဆောင်ရွက်

**ချောင်းဆုံ၊ ဇန်နဝါရီ ၁၀**

ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ သန့်ရှင်းသာယာလှပရေး ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် စိန်မြတောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝံသပါလ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူ၍ ဇန်နဝါရီ ၁ ရက်မှစတင်ပြီး ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုး ရွာတွင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လမ်းအကျယ် ၁၂ ပေ၊ အရှည် ၆၀၁၄ ပေကို သိန်းပေါင်း ၁၂၀၀ ကျော် အကုန်ကျခံပြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခဲ့ပြီး အရှည် ပေ၇၀၀ ကို ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ၅၉ သိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို ပြုလုပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး မြင်းခြံရှိ စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

**မြင်းခြံ၊ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ သိုလှောင်ကန်၊ သိုလှောင်ရုံများကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**သမီးကြီးမိုမိုကို(Director, T&Y Group of Companies)**
**သမီးငယ်ဖြူဖြူကို(Director, T&Y Group of Companies)**

## (၂၃)နှစ်ပြည့်မင်္ဂလာဆုမွန်လွှာ

**၁၁-၁-၂၀၁၅ ရက်တွင်ကျရောက်သည့်**
**ချစ်ဖေဖေ နှင့် ချစ်မေမေ**
**ဦးမောင်မောင်ဝင်း(M.D) - ဒေါ်နီလာအေး(Director)**
**(MYANMAR SHWE DINGGAR FAMILY)**
**တို့အတွက် ....**

မာတာပီတု မိဘဟုတွင်
သွင်သွင်စီးခဲ့ စမ်းချောင်းယဉ်လေး
နှစ်ဆယ့်သုံးနှစ် ခရီးပေါက်လို့
သားတို့သမီးတို့ တစ်ရှယ်တစ်ယောက်
ခြေပေါ်ထောက်လို့ မားမားရပ်တည်
လှမ်းနိုင်သည်ထိ ပြုစုခဲ့ကြ
နှစ်ကိုယ့်တစ်စိတ် လက်ချင်းချိတ်လို့
ခက်ခဲတူယှဉ် ဖြတ်ကျော်နှင်မြဲ
ယနေ့ထိတိုင် အေးချမ်းနိုင်ခဲ့
ကြီးလှမေတ္တာ စပ်မမှီ ......။

ပြာလဲ့ကြည်လင် မိုးကောင်းကင်သို့
နီလာလိုအေး မွေးသမိခင် တို့ချစ်ခင်ဆဲ
နေရောင်လိုထင်း အမှောင်ခွင်းခဲ့
မောင်မောင်ဝင်းမည် ခေါင်းဆောင်ပီခဲ့
မွေးသဖခင် ရင်ရဲ့မီးရှူး လင်းနေဆဲမို့
ကဗျာမဆုံ စာတစ်ကန့်စာ ဂုဏ်ပြုခဲ့ညား
ဦးထိပ်ထားလို့ ရာသက်ပန်သို့ လှမ်းနိုင်စေသား
မြူတစ်စက်ရဲ့ တစ်ဝက်ကယ်မျှကျေးဇူးကြေငြား
ဆုမွန်ကောင်းနှင့် တောင်းဆုချွေ .......။

**ချစ်သမီးကြီး – ကိုရဲနိုင်လေး–မရွှန်းလဲ့ရည်မောင်**
**ချစ်သမီးလတ် – မနွေးနွေးရည်မောင်**
**ချစ်သားငယ်လေး – မောင်ရဲနိုင်ဝင်း**

## လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ သုဓမ္မသီဂိ ဒေါ်ကာလာဝတီ၏ခင်ပွန်း သုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးနန္ဒ(MD-နန္ဒာအောင်မိုးကုတ်ဂျဲမ်းစ်ကုမ္ပဏီ)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ ရက် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုးဘာသာသာသနာ့အကျိုးကို ဆတက်ထမ်းပိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**သီရိရာမေဆွာရာ ဗိဒြာပိထ(ပရိယတ္တိ)ဓမ္မကျောင်း၊ ဂေါပကအဖွဲ့**
**သက်ရှည်မြိုင်(လော်ခူး)နောင်ချိုမြို့နယ်**






## အိမ်ရောင်းမည်

မြောက်ဒဂုံ၊ တေဇလမ်း၊
(၃၅)ရပ်ကွက်၊ ပေ(၄၁×၆၀)၊
(၁)ထပ် RC
**ဖုန်း-၀၉-၇၃၀၉၉၇၄၉**

## ငှားမည်/ရောင်းမည်

တောင်ဒဂုံစက်မှုဇုန်(၂)၊ ဇုန်ပတ်လမ်း(လမ်းကျယ်)ပေါ်ရှိ မြေကွက်အကျယ် ပေ(၄၀×၈၀)၊ နှစ်(၆၀)ဂရန်အမျိုးစား၊ ပေ(၃၀×၈၀)လုပ်ငန်းသုံးပါဝါ+အိမ်သုံးမီတာ၊ ၂" အဝီစိတွင်း၊ ၃၂'×၆၀'×၂၁'ရှိ Steel Structure ဂိုဒေါင်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ မျက်နှာစာ Composit ဖြင့် အလှဆင်ပြီး၊ လုပ်ငန်းလုပ်ကိုင်ရန်အသင့်
**ဆက်သွယ်ရန်ဖုန်း-၀၉-၃၂၂၁၄၂၂၀**

## ရောင်းမည်

၁။ ပါရမီ လမ်းသွယ်၊ ပထမထပ်၊ ၁၈'×၅၅' တိုက်ခန်း ၄ ရပ်ကွက်၊ တောင်ဥက္ကလာ၊ သိန်း ၈၀၀ ။
၂။ မြောက်ဥက္ကလာ၊ သုနန္ဒာလမ်းသွယ်၊ ၈၀'×၆၀'၊ L ကွက် တိုးချဲ့ VIP သိန်း ၂၃၀၀ ။
၃။ ဗိုလ်ချုပ်လမ်းမကြီး၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် စတုရန်းပေ ၃၂၀၀၊ သိန်း ၂၇၀၀ ။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၇၅၀၇၊ ၀၉-၃၁၁၇၁၂၂၂၊ ၀၉-၇၉၉၉၇၉၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၅၉၈၊ မြေကွက်တည်နေရာအမှတ်-၅၉၈၊ ၄ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးအောင်တင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးအောင်တင် ထံမှအရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ၁။ဒေါ်နွယ်နွယ်ဝါ[၁၂/တမန(နိုင်)၀၃၈၆၂၄]နှင့် ၂။ဒေါ်ဝင်းပပ[၁၂/သဃက(နိုင်)၁၅၀၃၄၃]တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၃၁)၊ မြေကွက်တည်နေရာအမှတ်(၃၃၁)၊ မဥ္ဇူလမ်း၊ (ဒေါ်ခင်အေး)[၁၂/ဥကမ(နိုင်)၀၃၇၇၃၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဇနီးဒေါ်ခင်အေး ကွယ်လွန်သဖြင့် ကျန်ပူးတွဲအမည်ပေါက် ခင်ပွန်း ဦးလှဝင်းမှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၅၄၄/၁၄)ဖြင့်ရရှိသူ ဦးနေလင်းထွန်း[၁၂/သဃက(နိုင်)၁၈၂၈၉၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဧယျာရွှေမြေအသင်း ပွဲဦးထွက် သရေကျ

**ရန်ကုန်  ဇန်နဝါရီ  ၁၀**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၂ သို့**



သတင်း၊ ဓာတ်ပုံ
ရှိုင်းထက်ဇော်

**ဧယျာရွှေမြေတိုက်စစ်ကို ဖွဲ့ကပင်နောက်ခံလူ နေအောင်ဖျက်ထုတ်နေစဉ်။**

# ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေရန်လိုအပ်ပြီး ပညာကိုဆုံးခန်းတိုင်ဆည်းပူးသင်ယူခွင့်ရရှိအောင် ဆောင်ရွက်သင့်

**နေပြည်တော်  ဇန်နဝါရီ  ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင်ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာ၌ ကျင်းပသည့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနား၊ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကျောင်းစာကြည့်တိုက်၊ ကွန်ပျူတာသင်ထောက်ကူခန်းမ၊ သိပ္ပံဓာတ်ခွဲခန်းဖွင့်လှစ်ခြင်း အခမ်းအနားများနှင့် ဖက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားများသို့ ဆရာတော် ဘဒ္ဒန္တနေမိန္ဒာ လင်္ကာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီးနှင့် ခရိုင်အဆင့်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နံနက် ၁၀ နာရီတွင် ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာ၌ ကျင်းပသည့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ ကျေးရွာအတွက် လျှပ်စစ်မီးကို စတင်ပို့လွှတ်ပေးသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ နေမိန္ဒာလင်္ကာရာဘိဝံသ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ အလှူရှင်များဖြစ်ကြသည့် ဒေါ်ခင်မာဝင်းနှင့် ဒေါ်မြင့်မြင့်တို့က အနောက်လျှော်ဖြူကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ခရိုင်ပညာရေးမှူး ဦးစန်းငွေမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုနှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးတို့က

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ အငြိမ်းစားဝန်ထမ်းများနှင့် လုပ်သက်(၂၅)နှစ်အထက် ဝန်ထမ်းများဝယ်ယူနိုင်

**မန္တလေး  ဇန်နဝါရီ  ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချမ်းမြသာစည်မြို့နယ်တွင် တည်ဆောက်ပြီးစီးသည့် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာများကို မန္တလေးခရိုင်အတွင်း နေထိုင်ကြသည့်သက်ပြည့်၊နှစ်ပြည့် အငြိမ်းစားဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲလုပ်သက်(၂၅)နှစ်နှင့် အထက်ရှိသူများ၊ တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရသူများ၏ မိသားစုများနှင့် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူများအား ရောင်းချပေးမည်ဖြစ်သည်။

လျှောက်ထားသူအားလုံး မန္တလေးခရိုင်အတွင်း နေထိုင်သူဖြစ်ပြီး ကိုယ်ပိုင်အိမ်ရာမရှိသူဖြစ်ရမည်။ အိမ်ထောင်စုတစ်စုလျှင်တစ်ဦးသာလျှောက်ထားခွင့်ရှိသည်။ အငြိမ်းစားပင်စင်စာအုပ်၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူပူးတွဲတင်ပြ၍ဇန်နဝါရီ ၁၂ ရက်မှစတင်ပြီး လျှောက်လွှာများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးတွင်လာရောက်ဝယ်ယူနိုင်ပြီး ဇန်နဝါရီ၃၀ရက်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

တိုက်ခန်းများကိုလက်ငင်းငွေချေစနစ်၊ ဘဏ်ချေးငွေစနစ်နည်းလမ်း(၂)သွယ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ကချင်ပြည်နယ်နေ့နှင့် အနာဂတ်ရှေ့ခရီး

သတင်းဆောင်းပါး - ဝင်းနိုင်
ဓာတ်ပုံ - ငွေးအောင်

**(ကချင်မြေကိုလာပါ့. . . တကယ်ပျော်တယ်နော့. . . ဒီမြေကရိန်နော်. . . မနောပွဲတော်. . . အတူနွဲပျော်. . . )**

စတဲ့သီချင်းသံတွေဟာ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းရဲ့ ကောင်းကင်ယံသာမက မြန်မာပြည်မြောက်ဖျားရဲ့ တောင်တန်းတွေမှာတောင် ပဲ့တင်ထပ်လို့နေပါတော့တယ်။

ယနေ့(ဇန်နဝါရီ ၁၀ ရက်)သည် ကချင်ပြည်မှာ နေထိုင်ကြတဲ့ ညီနောင်တိုင်းရင်းသားတွေအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ဖြစ်လို့နေပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ ကချင်ပြည်နယ်နေ့အခမ်းအနားနဲ့အတူ မနောပွဲတော်ကြီးကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




ယနေ့ **မာတိကာ**

ပြည်ထောင်စု သွေးချင်းချစ်ကြည် — စာမျက်နှာ » ၂

စာမေးပွဲစနစ်နဲ့ မိဘတွေရဲ့ကဏ္ဍ — စာမျက်နှာ » ၆

မည်သည့်အသင်းတွင်မဆို မက်ဆီပုံမှန်ပွဲထွက်ခွင့်ရမည်ဟု အန်ဆယ်လော့တီပြော — စာမျက်နှာ » ၁၃







# တက်ညီလက်ညီ မြန်မာ့အသံရွှေခေတ်ဆီ

သင်းသင်း(မြန်မာ့အသံ)

**ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်နှင့် ထုတ်လွှင့်လျက်ရှိသော မြန်မာ့အသံသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဦးတည်ပြီး ထုတ်လွှင့်နိုင်ရန်အတွက် နိုင်ငံတကာမီဒီယာများ၊ အသံလွှင့်ဌာနများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။**

ယင်းသို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ပမီဒီယာများမှ သင်တန်းများလာရောက်ပို့ချပေးခြင်း၊ အစီအစဉ်များ ပူးပေါင်းထုတ်လွှင့်ခြင်း၊ NHK,CRI စသော အသံလွှင့်ဌာနများနှင့်ပူးပေါင်း၍ ရေဒီယိုဇာတ်လမ်းများ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ထုတ်လွှင့်တင်ဆက်ခြင်းတို့ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပြုပြင်ပြောင်းလဲထုတ်လွှင့်မှုများဆောင်ရွက်ခဲ့ရာ ပြည်သူလူထုစိတ်ဝင်စားမှုမှာလည်း အရှိန်အဟုန်မြင့်မားလျက်ရှိပါသည်။

MRTV နှင့် နိုင်ငံတကာမီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအနက်တစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာနတို့ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို တင်ပြလိုပါသည်။ ၎င်းမှာ MRTV နှင့် ABC ID (Australian Broadcasting Corporation International Development) တို့အကြား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် Pilot Project ၏ ကဏ္ဍတစ်ခုဖြစ်သော "မမဦး"ဟု အမည်ပေးထားသည့် မိခင်နှင့်ကလေးကျန်းမာရေးပညာပေးရေဒီယိုအစီအစဉ်များဖြစ်ပါသည်။ အဆိုပါအစီအစဉ်များကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်ခဲ့ပြီး မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ရေဒီယိုဇာတ်လမ်းတွဲအဖြစ် မိခင်နှင့် ကလေးကျန်းမာရေး ပညာပေးအသံလွှင့်ဇာတ်လမ်း အပိုင်း (၈) ပိုင်းဖြင့် ထုတ်လွှင့်ခဲ့ပါသည်။

အဆိုပါ အပိုင်းရှစ်ပိုင်းမှာ-

၁။ သားဆက်ခြားပညာပေး၊
၂။ HIV/AIDS ပညာပေး၊
၃။ သားအိမ်ခေါင်းကင်ဆာပညာပေး၊
၄။ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကိုယ်ဝန်ရှိလက္ခဏာများအကြောင်း ပညာပေး၊
၅။ ကိုယ်ဝန်ပျက်ကျပြီးစောင့်ရှောက်မှုအကြောင်းပညာပေး၊
၆။ ကိုယ်ဝန်ဆောင်စဉ်တွေ့ကြုံနိုင်သည့် အန္တရာယ်လက္ခဏာများအကြောင်း ပညာပေး၊
၇။ ကိုယ်ဝန်ဆောင်စဉ် အမျိုးသားများဖေးမမှုအကြောင်း ပညာပေး၊
၈။ ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ပညာပေး အစီအစဉ်များ ဖြစ်ကြပါသည်။

"မမဦး" ရေဒီယိုအစီအစဉ်သည် မြန်မာ့အသံနှင့် နိုင်ငံတကာအသံလွှင့်ဌာနကြီးတစ်ခုတို့အကြား ပထမဦးဆုံး ကျန်းမာရေးပညာပေးမှုဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုဖြစ်ပြီး မြန်မာ့အသံ၏ ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းအတွက် မှတ်တိုင်သစ်တစ်ခုလည်းဖြစ်ပါသည်။ "မမဦး" အစီအစဉ်၏ အကျိုးသက်ရောက်မှုကိုသိရှိနားလည်ရန် နားဆင်သူများအကြား သုတေသနစစ်တမ်းတစ်ရပ်လုပ်ခဲ့ပါသည်။ စစ်တမ်းအရ နားဆင်သူ ၉၆ ဒသမ ၃ ရာခိုင်နှုန်းသည် အဆိုပါအစီအစဉ်ကို နှစ်သက်ကြကြောင်းသိရှိခဲ့ရပြီး ၉၀ ဒသမ ၇ ရာခိုင်နှုန်းသည် အဆိုပါအစီအစဉ်မှ အသိပေးလိုသည့် သတင်းအချက်အလက်အများစု သို့မဟုတ် အားလုံးကို နားလည်လက်ခံကြောင်း တွေ့ရှိခဲ့ရပါသည်။

အစီအစဉ် နံပါတ်(၁) ဖြစ်သော သားဆက်ခြားပညာပေးအစီအစဉ်တွင် ပါဝင်သည့် အဓိကသတင်းပေးပို့လိုသည့် အချက်အလက်များမှာ-

(က) သားဆက်ခြားခြင်း၏ အကျိုးကျေးဇူးများနှင့် ဇနီးမောင်နှံများအကြား ပွင့်ပွင့်လင်းလင်းဆွေးနွေးခြင်း၏ အရေးကြီးမှု၊
(ခ) သန္ဓေတားဆေးအမျိုးအစားရရှိနိုင်မှုနှင့် ဘေးထွက်ဆိုးကျိုးများ၊
(ဂ) ကျေးလက်နေ အိမ်ထောင်သည်အမျိုးသမီးများအတွက် တားဆေးရရှိနိုင်မည့် နည်းလမ်း၊
(ဃ) မိသားစု၏ ငွေကြေးအခြေအနေအပေါ် သားဆက်ခြားခြင်း၏ အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု စသည့် အကြောင်းအရာများပါဝင်ပြီး နားဆင်သူများသည် သားဆက်ခြားခြင်း နည်းလမ်းများကို သေချာစွာနားလည်သဘောပေါက်လာကြကာ သားဆက်ခြားခြင်းဆိုင်ရာ အသိပညာဗဟုသုတများစွာရှိခဲ့ကြောင်း စစ်တမ်းကောက်ယူမှုရလဒ်များအရ သိရှိခဲ့ရပါသည်။

အစီအစဉ်နံပါတ် (၂)ဖြစ်သော HIV/AIDS ပညာပေးအစီအစဉ်တွင်-

(က) သန္ဓေသားနှင့် မွေးကင်းစကလေးများထံ HIV ကူးစက်ခြင်းမှ ကာကွယ်ခြင်း၊
(ခ) လက်ထပ်ရန်ရည်ရွယ်ကြသည့် အမျိုးသား၊ အမျိုးသမီးတိုင်းနှင့် အမျိုးသမီးကိုယ်ဝန်ရှိစချိန်တွင် အမျိုးသားရော အမျိုးသမီးပါ HIV စမ်းသပ်စစ်ဆေးသည့် စင်တာများသို့ သွားရောက်ရန် အားပေးခြင်း၊
(ဂ) HIV ရှိ၊ မရှိ သွေးစစ်ခြင်း၏ အကျိုးကျေးဇူးများ၊
(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် စမ်းသပ်စစ်ဆေးမှုများ ဘာကြောင့်ပြုလုပ်သင့်သနည်း စသောအချက်များပါဝင်ပြီး နားဆင်သူသောတရှင်များသည် HIV လက္ခဏာများနှင့် ကုသခြင်းများ၊ HIV နှင့်ဆက်စပ်သော တခြားအကြောင်းအရာများ၊ သန္ဓေသားနှင့် မွေးကင်းစကလေးများသို့ ကူးစက်ခြင်းကို ကာကွယ်နိုင်သည်ဆိုသည့် အသိပညာများ တိုးပွားရရှိသွားကြောင်း တွေ့ရပါသည်။

အစီအစဉ် (၃)ဖြစ်သော သားအိမ်ခေါင်းကင်ဆာ ပညာပေးအစီအစဉ်တွင် -

(က) သားအိမ်ခေါင်းကင်ဆာအကြောင်း၊
(ခ) သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း၏ အတွေ့အကြုံ၊
(ဂ) သားအိမ်ခေါင်းကင်ဆာစမ်းသပ်ခြင်း၏ အကျိုးကျေးဇူးများ၊
(ဃ) ကျန်းမာရေးဌာနမှပေးသော ဝန်ဆောင်မှုများနှင့် သားအိမ်ခေါင်းကင်ဆာစမ်းသပ်မှုများစမ်းသပ်ခြင်းနှင့် ကာကွယ်ခြင်း၊ အသုံးပြုမှုများနှင့် နည်းလမ်းများ စသည့်အချက်များပါဝင်ပြီး နားဆင်သူသောတရှင်များအကြား သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်းအနည်းဆုံးတစ်ကြိမ်ပြုလုပ်ခြင်း၏ အရေးပါမှု၊ သားအိမ်ခေါင်းကင်ဆာအကြောင်း ကာကွယ်ခြင်း၊ စမ်းသပ်ခြင်းနှင့် ကုသသည့်နည်းလမ်းများကို ပိုမိုသိရှိလာခဲ့ပါကြောင်း စစ်တမ်းရလဒ်အရ တွေ့ရှိရပါသည်။

အစီအစဉ် (၄)ဖြစ်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကိုယ်ဝန်ရှိစ လက္ခဏာများအကြောင်း ပညာပေးအစီအစဉ်တွင်-

(က) ကိုယ်ဝန်ရှိစလက္ခဏာများနှင့် အန္တရာယ်လက္ခဏာများ၊
(ခ) မွေးကင်းစကလေးစောင့်ရှောက်မှု၊
(ဂ) ကျေးလက်ဒေသများတွင် မီးမဖွားမီပြုစုစောင့်ရှောက်မှုရရှိနိုင်မှုနှင့် နည်းလမ်းများ၊
(ဃ) မီးမဖွားမီ အာဟာရဖြည့်တင်းရေး၊
(င) ကိုယ်ဝန်ဆောင်ချိန် လက္ခဏာများ စသည့်အချက်များ ပါဝင်ပါသည်။ နားဆင်သူသောတရှင်များသည် ယခင်က မီးဖွားခြင်းကို နီးစပ်ရာလက်သည်များနှင့် မွေးကြသော်လည်း အစီအစဉ်နားထောင်ပြီးချိန်တွင် သားဖွားဆရာမ သို့မဟုတ် ဆေးရုံဆေးခန်းတွင် မွေးဖွားသင့်ကြောင်း၊ မီးမဖွားမီစောင့်ရှောက်မှုဆိုင်ရာ အသိပညာများ ပိုမိုနားလည်သိရှိခဲ့ကြပါသည်။

အစီအစဉ် (၅)ဖြစ်သော ကိုယ်ဝန်ပျက်ကျပြီး စောင့်ရှောက်မှုအကြောင်း ပညာပေးအစီအစဉ်တွင်-

(က) ကိုယ်ဝန်ပျက်ကျရခြင်းအကြောင်းရင်းများ၊
(ခ) ကိုယ်ဝန်ပျက်ကျသူအား ကူညီဖေးမ၊ ပြုစုစောင့်ရှောက်ရမည့် နည်းလမ်းများ၊
(ဂ) ကိုယ်ဝန်ပျက်ကျသူအား ပြစ်တင်ခြင်းမပြုလုပ်ရန်နှင့် ဂရုမစိုက် လျစ်လျူရှုခြင်းများ မပြုလုပ်သင့်ကြောင်း ပညာပေးခြင်း၊
(ဃ) ကိုယ်ဝန်ပျက်ကျပြီးနောက် အချိန်အတိုင်းအတာတစ်ခုတွင် နောက်ထပ်ကိုယ်ဝန်ဆောင်နိုင်ခြင်းများ စသည့်အချက်များ ပါဝင်ပါသည်။ နားဆင်သူသောတရှင်များသည် ယခင်က ကိုယ်ဝန်ပျက်ကျသူအား အပြစ်တင်ခြင်း၊ ဝေဖန်ခြင်းများ ပြုလုပ်ခဲ့မိသော်လည်း ရေဒီယိုအစီအစဉ်နားထောင်ပြီးချိန်တွင် ကိုယ်ဝန်ပျက်ကျသူအား ကူညီဖေးမရမည့်နည်းလမ်းများ၊ ကိုယ်ဝန်ပျက်ကျပြီးနောက် ကလေးထပ်ယူနိုင်သည့် အသိပညာဗဟုသုတများ တိုးပွားလာခဲ့ကြောင်း စစ်တမ်းကောက်ယူမှုအရ သိရပါသည်။

အစီအစဉ် (၆)ဖြစ်သည့် ကိုယ်ဝန်ဆောင်စဉ်တွေ့ကြုံနိုင်သည့် အန္တရာယ်လက္ခဏာများအကြောင်း အစီအစဉ်တွင်-

(က) ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမီးဖွားပြီးနောက် တွေ့ကြုံနိုင်သည့် အန္တရာယ်လက္ခဏာများ၊
(ခ) တတ်ကျွမ်းနားလည်သည့် ဆရာဝန်၊ သားဖွားဆရာမများနှင့် ဆေးရုံဆေးခန်းတွင် မွေးဖွားရန်၊ စာမျက်နှာ ၄ သို့ » »



# ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း

ပညာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန ပညာရေးဝန်ထမ်းများနှင့်အတူ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီများ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်မှလည်း အခမဲ့မသင်မနေရမူလတန်းပညာရေးအစီအစဉ်နှင့် အခမဲ့အလယ်တန်းပညာရေးအစီအစဉ်ကိုပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် သူငယ်တန်းကျောင်းဝင်နှုန်း၊ အတန်းလိုက်ကျောင်းနေမြဲမှုနှုန်း၊ အတန်းလိုက်သင်ယူပြီးမြောက်မှုနှုန်းနှင့် အတန်းကူးပြောင်းသင်ယူမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ပြီဖြစ်ပါသည်။

တိုးမြင့်လာသော ကျောင်းသားကျောင်းသူများအတွက် လုံလောက်သော ကျောင်းအဆောက်အအုံများ လိုအပ်ချက်ကို နိုင်ငံတော်မှ နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။


**အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)**
**ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အခြေခံပညာကျောင်းဆောင်သစ်များဆောက်လုပ်ပေးမှုအခြေပြဇယား**

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) |
| အမက | ၁၈၁၁၈. ၆၀၀ | ၃၃၀၁၈. ၂၂ | ၆၁၉၇ . ၂၈ | ၁၃၃၇၆. ၁၅ | ၁၂၂၅၃ . ၁၁၂ |
| အလက | ၃၈၄၂ . ၀၀၀ | ၂၉၁၆ | ၁၉၂၁. ၂ | ၄၀၆၀. ၂ | ၆၀၂၇. ၆ |
| အထက | ၁၉၇၆ . ၂၇၀ | ၇၂၀ | ၁၃၄၇. ၃ | ၂၀၅၅. ၆ | ၇၁၂၆. ၂ |
| **စုစုပေါင်း** | **၂၃၉၃၆. ၈၇၀** | **၃၆၆၅၄. ၂၂** | **၉၄၆၅ . ၇၈** | **၁၉၄၉၁. ၉၅** | **၂၅၄၀၆ . ၉၁၂** |



**အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)**
**ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးမှု အခြေပြဇယား**

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် |
| အမက | ၆၆ | ၁၀၈ | ၁၉၀ | ၄၉၆ | ၂၄၇ |
| အလက | ၇ | ၇ | ၃၈ | ၈၀ | ၇၂ |
| အထက | ၆ | ၂ | ၁၉ | ၃၇ | ၈၈ |
| **စုစုပေါင်း** | **၇၉** | **၁၁၇** | **၂၄၇** | **၆၁၃** | **၄၀၇** |



နိုင်ငံတော်အနေဖြင့် ကျောင်းအဆောက်အအုံများကို သာမက ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးအတွက် မွမ်းမံပြင်ဆင်မှုများကိုပါ နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးသည်လည်း ဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းဆောင်များ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ ဥပဓိရုပ်ကောင်းမွန်အောင် မွမ်းမံပြင်ဆင်ခြင်းများကိုလည်း နှစ်စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အသစ်ဆောက်လုပ်ရန်လိုအပ်မှု၊ မွမ်းမံပြင်ဆင်ရန်လိုအပ်မှုများကို နှစ်စဉ်ဇွန်လတွင် စာရင်းတောင်းခံလျက်စုစည်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ရန်အတွက် အန္တရာယ်ရှိသော ကျောင်းဆောင်၊ ဥပဓိရုပ်မကောင်းသောကျောင်းဆောင်၊ ကျောင်းသားဦးရေအရ ထပ်မံတိုးချဲ့ပေးရန် လိုအပ်သော ကျောင်းဆောင်စသည်ဖြင့် အမျိုးအစားစုစည်း၍ ဦးစားပေးအလိုက် မြို့နယ်စာရင်းစုစည်းသည်။ အဆိုပါ ကျောင်းဆောင် စာရင်းများအရ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေတင်ပြတောင်းခံခြင်းကို ဆောင်ရွက်ရသည်။ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကျောင်းဆောင်ပုံစံအရမြေရှိမှု အဆောက်အအုံပုံစံများအလိုက် PAE နှုန်းများဖြင့် တောင်းခံခဲ့ခြင်းဖြစ်သည်။


နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံမှုတွင် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစ၍ ရန်ပုံငွေပိုမိုသုံးစွဲခွင့်ရရှိခဲ့ပါသည်။

၂၀၁၀ ခုနှစ်အထိ ဘဏ္ဍာငွေရရှိမှုအရ ကျောင်းဆောင်သစ် ဆောက်လုပ်မှု နည်းပါးခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ခြင်းနှစ်ဆတိုးတက်ခဲ့ပါသည်။ ထို့အတူ ဆောင်ရွက်သည့်လုပ်ငန်းများသည်လည်း ပြောင်းလဲခဲ့ပါသည်။ ယခင်က ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအား ကျောင်းဆောင်သစ်ဆောက်လုပ်ရန် တာဝန်ပေးခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်ဆောက်လုပ်ရာ၌ ဒေသအခြေအနေပေါ်မူတည်၍ သစ်သားအုတ်ညှပ်တစ်ထပ်ဆောင်များဆောက်လုပ်ပေးခဲ့သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ RCC ကျောင်းဆောင်များဆောက်လုပ်ခြင်းဖြင့် ပိုမိုခေတ်မီသည့် အဆောက်အအုံများကို ဆောက်လုပ်ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)သည် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နှစ်အလိုက်အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်မှုအခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

**အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)သာမန်အသုံးစရိတ်ရန်ပုံငွေ(၀၄၀၂)ဖြင့်**
**အခြေခံပညာကျောင်းဆောင်များ ပြုပြင်မွမ်းမံဆောက်လုပ်ပေးမှု အခြေပြဇယား**

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) |
| အမက | ၁၁၉၅. ၆၈၃ | ၁၀၃၂၃. ၆၉၂ | ၂၉၅၉. ၂၆၈ | ၄၈၉၆. ၉၁၂ | ၂၀၆၀. ၉၈၆ |
| အလက | ၂၉၀. ၆၄၄ | ၈၀၉. ၅၆၁ | ၁၈၂၇. ၀၅၈ | ၁၈၈၅. ၁၆၀ | ၁၀၇၄. ၄၁၃ |
| အထက | ၄၅၃. ၇၁၇ | ၁၄၄၇. ၆၁၆ | ၂၄၇၁. ၈၄၄ | ၃၇၆၃. ၀၉၂ | ၁၇၅၆. ၆၂၄ |
| **စုစုပေါင်း** | **၁၉၄၀. ၀၄၄** | **၁၂၅၈၀. ၈၆၉** | **၇၂၅၈ . ၁၇** | **၁၀၅၄၅. ၁၆၄** | **၄၈၉၂. ၀၂၃** |





**အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)သာမန်အသုံးစရိတ်ရန်ပုံငွေ(၀၄၀၂)ဖြင့်**
**အခြေခံပညာကျောင်းဆောင်များပြုပြင်မွမ်းမံဆောက်လုပ်ပေးမှု အခြေပြဇယား**

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် |
| အမက | ၁၅၉ | ၇၄ | ၂၈၀ | ၄၇၄ | ၁၇၇ |
| အလက | ၂၇ | ၇ | ၈၂ | ၁၅၈ | ၄၇ |
| အထက | ၂၉ | ၁၁ | ၁၁၀ | ၂၄၆ | ၅၄ |
| **စုစုပေါင်း** | **၂၁၅** | **၉၂** | **၄၇၂** | **၈၇၈** | **၂၇၈** |

စာမျက်နှာ ၃ သို့ »


» စာမျက်နှာ ၂ မှ





အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)သာမန်အသုံးစရိတ်ရန်ပုံငွေ(၀၄၀၉)ဖြင့် အခြေခံပညာကျောင်းဆောင်များပြုပြင်မွမ်းမံဆောက်လုပ်ပေးမှု အခြေပြဇယား

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) |
| အမက | ၇၂. ၀၇၉ | ၁၄၉. ၁၃၈ | ၁၀၈၂. ၆၄၀ | ၄၂၉၀. ၅၁၉ | ၁၈၁၆. ၀၇၁ |
| အလက | ၄၄. ၄၈၃ | ၅၅. ၈၃၄ | ၃၂၄. ၁၅၇ | ၁၂၀၅. ၄၁၉ | ၄၄၇. ၅၄၃ |
| အထက | ၅၄. ၈၆၅ | ၉၅. ၅၆၂၆ | ၄၅၉. ၀၇၀ | ၁၂၀၄. ၉၇၈ | ၄၁၇. ၆၁ |
| **စုစုပေါင်း** | **၁၇၁. ၄၂၇** | **၃၀၀. ၅၃၄၆** | **၁၈၆၅. ၈၆၇** | **၆၇၀၀. ၉၁၆** | **၂၆၈၁. ၂၂၄** |



အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)သာမန်အသုံးစရိတ်ရန်ပုံငွေ(၀၄၀၉)ဖြင့် အခြေခံပညာကျောင်းဆောင်များ ပြုပြင်မွမ်းမံဆောက်လုပ်ပေးမှုအခြေပြဇယား

| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် |
| အမက | ၃၁ | ၁၀၇ | ၁၀၁၁ | ၁၃၀၆ | ၆၀၇ |
| အလက | ၁၄ | ၂၇ | ၁၄၅ | ၂၅၆ | ၁၀၀ |
| အထက | ၂၄ | ၂၆ | ၁၀၈ | ၂၂၆ | ၅၄ |
| **စုစုပေါင်း** | **၆၉** | **၁၆၀** | **၁၂၆၄** | **၁၇၈၈** | **၇၆၁** |

# ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ(သို့) စာရိတ္တဘာသာ

စာရေးသူသည် အလယ်တန်းပြ ဆရာမတစ်ယောက်ဖြစ်ပါသည်။ စာရေးသူတို့ကျောင်းမှာ စာရိတ္တဘာသာသာမက ၃၈ ဖြာမင်္ဂလာတရားတော်ပါ သင်ကြားပို့ချပေးပါသည်။ ၃၈ ဖြာမင်္ဂလာတရားတော်မှာ သီးခြားအချိန်မရှိပါ။ ဆောင်ရွက်မှုအချိန်ကို ယူ၍သင်ကြားပေးပါသည်။ စာရိတ္တပြည်သူ့နီတိ ဘာသာရပ်ကို ပညာရေးဌာနမှ ပြဋ္ဌာန်းထားသည့်အတွက် အချိန်သတ်မှတ်ပြီးသင်ကြားပေးပါသည်။ စာရေးသူသင်ကြားရသောအတန်းက အဋ္ဌမတန်းဖြစ်၍ စာရိတ္တအချိန်တိုင်း စာရိတ္တဘာသာကိုပဲ သင်ကြားပေးပါသည်။

ကျောင်းသား ကျောင်းသူများကိုလည်း စိတ်ဝင်စားမှုရှိစေရန် အုပ်စုဖွဲ့၍ သင်ထောက်ကူကားချပ်ပြုလုပ်ပေးပြီး သင်ကြားပေးရသည်။ ဥပမာ စာရိတ္တဘာသာခေါင်းစဉ်တစ်ခုမှ "နေရာလိုက်၍ ဆုံးမပါ၊ ချီးကျူးပါ" တွင် "သူယုတ်လက္ခဏာ"နှင့် "သူတော်ကောင်းလက္ခဏာ" ဆောင်ပုဒ်ကို သင်ထောက်ကူကားချပ်ပြုလုပ်၍လည်းကောင်း "မိဘဆွေမျိုးများကို စောင့်ရှောက်ရေး" သင်ခန်းစာတွင် ပန်းချီဆရာကြီးဦးဘကြည်၏ ဗုဒ္ဓဝင်ရုပ်စုံရာဇကုမာရ် သားလိမ္မာအကြောင်း စိတ်ဝင်စားဖွယ်ဖြစ်အောင်သင်ကြားပေးရပါသည်။

အခြေခံသဘာဝအားဖြင့် ပြည်သူ့နီတိသည် ကျောင်းစာသင်ခန်းထဲတွင် မွေးဖွားတတ်ပြီး ကြီးပြင်းကျက်စားရာနယ်မြေသည် ပြင်ပလောကထဲမှာဖြစ်ပါသည် ဆိုသည့်အချက်မှာ မှန်ပါသည်။ လွန်ခဲ့သော နှစ်၂၀ ကာလက စာရေးသူ၏ စတုတ္ထတန်းမှ ကျောင်းသားတိုးတိုးသည် ယဉ်ကျေးမှုစာမေးပွဲတွင် ဒုတိယဆုရရှိသည်။ ဆရာမလမ်းလျှောက်သွားစဉ် ကားပေါ်မှ ပြာပြာသလဲနှင့်ဆင်း၍ ခရီးဦးကြိုပြုသည်။ ဆရာမ၊ သားက အခုအထွေထွေအုပ်ချုပ်ရေးဌာနမှာ ဦးစီးမှူးစာပေးပွဲဖြေတုန်းက 'ကျောင်းတက်ခဲ့စဉ် ဘာဆုရခဲ့ဖူးလဲ'လို့ အင်တာဗျူးမေးခဲ့တာ သားက "ယဉ်ကျေးမှု ဒုတိယဆုရရှိခဲ့ပါတယ်"လို့ ဖြေခဲ့ပါတယ်။ ဟုတ်တယ်နော် ဆရာမ။ ဟုတ်ပါတယ် သားရယ်။

စာရေးသူ ပီတိဖြစ်ခဲ့ရသည်။ အခုဆို ရုပ်ရှင်ကောင်စီ အစည်းအရုံးမှာ သူက ဒုဦးစီးမှူး ဖြစ်နေပါပြီ။ ဒါလည်း အောက်ခြေအဆင့်မှ အထက်တန်းကျသော အဆင့်သို့ တက်လှမ်းလာခြင်းမှာ ထိုသို့သော ကျင့်ဝတ်များကြောင့် မဟုတ်ပါလော။ ယခုကျောင်းသား ကျောင်းသူများကို စိတ်ဝင်စားအောင် အထက်ပါ ဥပမာပေး၍ သင်ကြားပေးရသည်။ အဘယ့်ကြောင့်ဆိုသော် စာမေးပွဲမဖြေရသော ဘာသာရပ်ဖြစ်နေ၍ ဆရာမ "စာမေးပွဲဖြေရမှာလား" "စာမေးပွဲမှာ မေးမှာလား" အမေးခံရသည်။ စာရေးသူကလည်း သားတို့ မူလတန်းမှာ လူမှုရေးဘာသာမှာ စာရိတ္တဘာသာဖြေရတယ်။ အခု အလယ်တန်းမှာလည်း ဘဝစာမေးပွဲမှာ ဖြေရမယ်ဟု ပြောကြားရင်း သင်ပေးရပါသည်။

စာရေးသူတို့ကျောင်းမှာ စာသင်ချိန်တွင်မက နံနက်ကျောင်းတက်နိုင်ငံတော်သီချင်း သီဆိုခြင်း၊ ဇာတိမာန်သီချင်းဆိုပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအုပ်ဆရာကြီးကို နှုတ်ဆက်ပြီးသည်နှင့် ကျောင်းမှ ဆရာ ဆရာမများ အလှည့်ကျတာဝန်ယူ၍ ယဉ်ကျေးမှုနှင့်ပြည်သူ့နီတိသာမက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ အမှိုက်ကင်းစင်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ အေအိုင်ဒီအက်(စ်)ရောဂါကာကွယ်ရေးစသည့် ကျန်းမာရေး၊ လူမှု ရေးပညာပေးချင်သည့် ကိစ္စမှန်သမျှဆရာ ဆရာမများ အလှည့်ကျပြောကြားပေးပါသည်။

စာရေးသူတို့ ကျောင်းများသာမက တခြား ကျောင်းများမှာလည်း ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိကို သင်ကြားပေးကြမည်ဖြစ်သည်။ ကျောင်းတိုင်းကျောင်းတိုင်းလည်း မှန်ကန်ယဉ်ကျေးချိုသာအေး ဆိုရေးတတ်ပါစေလို့ ဆန္ဒပြုရင်း ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိကို သင်ကြားပေးပါသည်ဆိုသည့် အကြောင်းကို သတင်းကောင်းတင်ပြလိုက်ရပါသည်။

**ရတနာစန်းစန်းအေး(ပညာရေး)**

# ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်

**ရွှေကျင် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းခြောက်ခု၊ ကျေးလက်လမ်း၊ တံတားလုပ်ငန်း ၂၃ ခုနှင့် လူထုအကျိုးပြုလုပ်ငန်း ခြောက်ခု စုစုပေါင်း ၃၅ ခု ဆောင်ရွက်ရန်ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က လုပ်ငန်းတစ်ခုချင်းအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းဆောင်ရွက်ရန် ဆွေးနွေးသည်။ ထို့နောက် ကျေးရွာအုပ်စု၊ ရပ်ကွက်အထောက်အကူပြုကော်မတီများနှင့် စာချုပ်ချုပ်ဆိုကာ လုပ်ငန်းဆောင်ရွက်ရန် ပထမအကြိမ် ရန်ပုံငွေ ၅၀ ရာခိုင်နှုန်းထုတ်ပေးသည်။

ခြေတော်ရာကျေးရွာ အထောက်အကူပြုဥက္ကဋ္ဌ ဦးမြင့်သန်းက "ယခင်နှစ်က အမကကျောင်းပြင်ရန် ကျပ်သိန်း ၅၀ ရရှိပါတယ်။ ယခုနှစ် ကျေးရွာစာကြည့်တိုက်အတွက် ကျပ်သိန်း ၃၀ ရပါတယ်။ ကျေးရွာလူထုကလည်း ငွေ၊ ပစ္စည်းအင်အား မြို့နယ်ပြန်/ဆက်ဦးစီးဌာနနဲ့လည်း ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ ပြည်သူကို အမှန်တကယ်အကျိုးရှိပါတယ်" ဟု ပြောကြားသည်။ **ကရင်(ပဲခူး)**

# ဒြိမ့်ဒြိမ့်သဲကျင်းပစမြဲ ကျန်းမာသုတေသီတို့ရဲ့ပွဲ

နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးကာလ၌ ကျန်းမာရေးဝန်ကြီးဌာနမှကြီးမှူးပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျင်းပလျက်ရှိရာ ယခုနှစ် (၄၃) ကြိမ်မြောက် ညီလာခံကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်မြို့၌ ကျင်းပလျက်ရှိပါသည်။ ယခုနှစ်ညီလာခံတွင် ပြည်တွင်းပြည်ပမှ သုတေသီအကျော်အမော်များက ကျန်းမာရေးသုတေသနစာတမ်းပေါင်း ၁၀၆ စောင်၊ ပိုစတာစာတမ်း ၃၃ စောင်နှင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၁၃ ခု ဖတ်ကြားတင်ပြမည့်အပြင် ပြည်တွင်းပြည်ပ INGO, NGO အဖွဲ့အစည်းများ၊ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကဓာတ်ခွဲခန်းများ၊ ဆေးရုံဆေးခန်းများမှ ဆေးပစ္စည်းကိရိယာပြခန်းများ ပါဝင်ပြသရောင်းချမည်ဟု သိရှိရသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၁၉၆၅ခုနှစ်ကပင် စတင်ခဲ့ပြီး အမည်နာမအမျိုးမျိုး၊ အသွင်ပုံစံအဖုံဖုံဖြင့် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ ကနဦးညီလာခံစတင်စဉ်ကာလက ကျောက်ကပ်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါ စသည်များက ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်နေသော ရောဂါများဖြစ်သကဲ့သို့ မျက်မှောက်ကာလတွင်မူ HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ စသည်များက ကူးစက်မဟုတ်သော နာတာရှည်ရောဂါများ၊ မျိုးဆက်ပွား ကျန်းမာရေးပြဿနာများ၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ ပြဿနာများနှင့် ရင်ပေါင်တန်းလျက် တည်ရှိနေကြောင်း သတိပြုကြပေလိမ့်မည်။

မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာန၏ သမိုင်းကို လေ့လာကြည့်လျှင် ခေတ်အဆက်ဆက်တွင် အချိန်အခါ၊ ပထဝီအနေအထား၊ သဘာဝပတ်ဝန်းကျင်၊ နိုင်ငံတော်၏ ကျင့်သုံးသည့် မူဝါဒစသည်တို့နှင့် လိုက်လျောညီထွေ သဟဇာတဖြစ်အောင် ပြည်သူ့အကျိုးပြု သုတေသနများကို အမြဲမပြတ်ဆောင်ရွက်ခဲ့ကြောင်း အထင်အရှားပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ စသည့် ပွင့်လင်းမြင်သာသော အမျိုးသားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပါဝင်လျက်ရှိပေသည်။ ကျေးလက်နေပြည်သူလူထုအများစု၏ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံချက်များရေးဆွဲကာ အားသွန်ခွန်စိုက် ဆောင်ရွက်နေသော မျက်မှောက်ကာလ၌ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် Universal Health Coverage ကမ္ဘာတစ်ဝန်းလုံး ကျန်းမာရေးလွှမ်းခြုံမှုဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း အရေးတယူဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နိုင်ပေသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ဂျပန်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့၏ ပြည်သူများ ကျန်းမာရေးလွှမ်းခြုံမှုရရှိရေး၊ အပြည်ပြည်ဆိုင်ရာညီလာခံတွင် ဆွေးနွေးတင်ပြချက်များအရ Post 2015 Global Development Agenda ခေါ် ၂၀၁၅ ခုနှစ်အလွန် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ကို ချမှတ်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူအားလုံး သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်ပြီး မိမိအိတ်စိုက် ကျန်းမာရေးစရိတ်များကို နည်းနိုင်သမျှနည်းပါးအောင် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက ကြိုးပမ်းရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထိုသို့ ပြည်သူအများ အခမဲ့ဆေးကုသမှုခံယူနိုင်ရေး ကြိုးပမ်းအားထုတ်ရာတွင် သုတေသီများ၏ ကိန်းဂဏန်းအရည်အချင်း ပြည့်စုံမှုနှင့်သာမက အခြေပြုသုတေသနရလဒ်များနှင့် ဆုံးဖြတ်ချက်များကို အမှန်တကယ်အသုံးချနိုင်မှုဆိုသည့် အချက်များသည် အရေးပါကြောင်း သက်ဆိုင်ရာမှ သိရှိမှတ်သားခဲ့ရသည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများမှာ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင် အမှတ်စဉ် (၄)၊ (၅)နှင့် (၆) ပြည့်မီရေးအတွက် မိခင်၊ မွေးကင်းစရင်သွေးဆိုင်ရာ ပြဿနာများ၊ ငှက်ဖျားနှင့် တီဘီရောဂါ ဆေးယဉ်ပါးမှု၊ HIV နှင့် တီဘီယှဉ်တွဲဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားကောင်များ တိုးပွားလာမှု၊ မြို့ပြနယ်နိမိတ်ကျယ်ပြန့်လာမှု၊ လူဦးရေထူထပ်လာမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လက်လှမ်းမီခြင်းနည်းပါးမှု၊ ကူးစက်ရောဂါများ၊ ကူးစက်မဟုတ်သော နှလုံး၊ သွေးတိုး၊ ဆီးချို၊ အဝလွန်၊ ကင်ဆာရောဂါတိုးပွားလာမှု၊ ကမ္ဘာအနှံ့ လျစ်လျူရှုခံရသည့် အပူပိုင်းဒေသဆိုင်ရာ ရောဂါများ စသည်တို့ပင် ဖြစ်သည်။ ထိုကဲ့သို့သော ပြည်သူ့ကျန်းမာရေးအတွက် ဟန့်တားမှုများကို မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် ကျန်းမာရေးစနစ် ပိုမိုခိုင်မာတောင့်တင်းစေရေးဆိုင်ရာ လုပ်ငန်းကြီး ခြောက်ရပ်ကို လက်ဆုပ်လက်ကိုင်ထားဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း လျစ်လျူရှုခံ အပူပိုင်းဒေသရောဂါများကို အလေးထားလာရန်နှင့် ကာကွယ်ကုသရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး Regional Network on Asian Schistosomiasis and other Helminth Zoonosis အဖွဲ့အစည်းမှ မြန်မာနိုင်ငံသို့ ကမ်းလှမ်းကူညီမှုများရရှိခဲ့သည့်အပြင်၊ မြန်မာနိုင်ငံအနှံ့ ဆင်ခြေထောက်ရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ၊ ဂျိုက်သိုး စသည့်ရောဂါများ တားဆီးတိုက်ဖျက်ရေးဆောင်ရွက်ချက်များ၏ ရလဒ်များအား အခြေပြု၍ သုတေသနဆောင်ရွက်မှုနှင့် အကျိုးခံစားမှုများကို ပြည်သူများ မျှော်လင့်နေမည်သာ။ အနောက်အာဖရိကမှ ပြန်လည်ရောက်ရှိလာသူ အီဘိုလာရောဂါသံသယရှိသူ မြန်မာနိုင်ငံသားအား စမ်းသပ်စစ်ဆေးရာတွင် ငှက်ဖျားပိုးတွေ့ရှိရပုံသာကလည်း ဆေးသုတေသနနယ်ပယ်ဟု တွေးတောလာကြပေလိမ့်မည်။

## ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး

နိုင်ငံတော်၏ ထည့်ဝင်ငွေနှင့် Global Alliance of Vaccines and Immunization (GAVI) က လှူဒါန်းသည့် Haemophilus influenza type B(Hib) အပါအဝင် ငါးမျိုးစပ် Pentavalent Vaccine စတင်အသုံးပြုလာချိန်တွင် အသက် နှစ်လအရွယ်ရင်သွေးငယ်များ ပထမအကြိမ် ဆေးထိုးခြင်းဖြင့် ကာကွယ်မှုမည်မျှရရှိခဲ့ခြင်းဆိုင်ရာ သုတေသနအကြောင်းလည်း ကြားသိရမည်ဟု ယုံကြည်လျက်ပါ။ မြန်မာနိုင်ငံသည် ယမန်နှစ်က အာဟာရဆိုင်ရာ Scaling Up Nutrition (SUN)movement network အဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ကလေးများ၏ ဘဝအစ ကနဦး ရက်ပေါင်းတစ်ထောင်အာဟာရ First thousand days nutrition ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးသုတေသနပြုလုပ်ရန် လိုအပ်လာကြောင်းလည်း သိရှိရပါသည်။

နိုင်ငံတော်သည် သုတေသနစွမ်းရည် Research Capacity တိုးတက်စေရန် ပြည်တွင်း၌ ဖွင့်လှစ်သည့်သင်တန်းများသာမက ဘွဲ့ကြိုသင်တန်းများတွင်လည်း သုတေသနနည်းပညာကို လိုက်လျောညီထွေ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ သုတေသီများသည် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် အစီရင်ခံစာရေး၊ စာတမ်းဖတ်၊ စာစောင်ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြပြီး သုတေသနရလဒ်များကို ပြန်လည်အသုံးချနိုင်သည့် သုတေသနမျိုးဖြစ်သည်အထိ ဆောင်ရွက်နေကြသည်မှာ ချီးကျူးစရာဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပူပိုင်းဆိုင်ရာရောဂါများ သုတေသန အစီအစဉ်၏ ထောက်ပံ့မှုဖြင့် Structural Operational Research Initative Model နည်းပညာကိုဖြန့်ဖြူးပေးခြင်းသည် Knowledge Management ကို ပိုမိုအားကောင်းစေကြောင်း သိရှိရသည်။ နည်းမှန်မှတ်ပုံတင်မှုစနစ် Proper registration system တစ်ရပ်ထူထောင်ရန် ဆေးဘက်စမ်းသပ်မှတ်တမ်း (Clinical Trial registry system ) စတင်ရန် ကြိုးစားနေကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံ၏ သုတေသနဆိုင်ရာစွမ်းဆောင်မှုများအား အသိအမှတ်ပြုလျက် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ကူညီထောက်ပံ့လျက်ရှိကြောင်း တင်ပြလိုပါသည်။ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနများသည် အမေရိကန်နိုင်ငံအစိုးရအထောက်အပံ့(USAID)၊ ဩစတြေးလျနိုင်ငံအစိုးရ၏ အထောက်အပံ့ (AUSAID) ဥရောပနိုင်ငံများ၏ အထောက်အပံ့(EURO)၊ ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့(JICA)၊ ယူကေနိုင်ငံအစိုးရ၏ အထောက်အပံ့(DFID) စသည့် နိုင်ငံတကာအထောက်အပံ့များကို ရယူပြီး အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်ရောဂါများ အပါအဝင် ကူးစက်တတ်သောရောဂါများကို ရှာဖွေနိုင်သည့် အဆင့်မြင့်သုတေသနဓာတ်ခွဲခန်းသည် မြန်မာနိုင်ငံ ၏ အဓိကဦးစားပေး ကျန်းမာရေးပြဿနာများကို အဆင့်မြင့်မော်လီကျူး(Molecule) နည်းပညာဖြင့် ဓာတ်ခွဲဖော်ထုတ်သုတေသနပြုလုပ်နိုင်ရန် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ (Epidemiological surveillance)လုပ်ငန်းစဉ်များနှင့် လက်တွေ့ဆေးပညာလုပ်ငန်းစဉ်များကို အထောက်အကူပြုမည့်အပြင် ဆေးပညာသင်ကြားရေးအတွက်လည်း ခိုင်မာသည့်သက်သေသာဓကအခြေပြုတွေ့ရှိချက်များ (Evidence-based findings)ကို ယခုထက်ပိုမို အသုံးချနိုင်မည်ဖြစ်ကြောင်း တင်ပြရင်း (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံအား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

## တက်ညီလက်ညီ မြန်မာ့အသံရှေ့ခေတ်ဆီ

»» ရှေ့ဖုံးမှ

(ဂ) ကလေးအတွက် အသုံးပြုရန်လိုအပ်သည့် ပစ္စည်းများကြိုတင်ပြင်ဆင်ထားရန်၊

(ဃ) ကလေးမီးဖွားချိန်တွင် ရောဂါပိုးမွှားကင်းစင်ပြီး သန့်ရှင်းသော အသုံးအဆောင်ပစ္စည်းများသုံးရန်၊

(င) မိမိတို့အိမ်တွင် သားဖွားဆရာမနှင့် မီးဖွားသူများအရေးပေါ် အခြေအနေကြုံပါက ဆေးရုံဆေးခန်းသို့သွားရန် ယာဉ်၊ လူအင်အား၊ သွားရမည့်ဆေးရုံဆေးခန်းအကွာအဝေး စသည်တို့အား ကြိုတင်စဉ်းစားစီစဉ်ထားရန် စသည့်အချက်များ ပါဝင်ပါသည်။ နားဆင်သူများသည် ယခုအစီအစဉ်အား နားမဆင်မိသည့်အချိန်အထိ အရပ်လက်သည်နှင့် မီးဖွားခြင်း၊ မီးဖွားစဉ်သန့်ရှင်းသောပစ္စည်းများသုံးရန် မစဉ်းစားမိခြင်း၊ ကလေးအတွက် ကြိုတင်ပြင်ဆင်ထားလျှင် နိမိတ်မကောင်း စသည့် ရှေးရိုးစွဲ အယူအဆများရှိခဲ့သော်လည်း နားဆင်ပြီးချိန်တွင် ကလေးမီးဖွားစဉ် ကျန်းမာရေးဌာနမှပေးသော တစ်ခါသုံး မွေးသန့်ထုပ်များ အသုံးပြုရမည်ဆိုသော ဗဟုသုတများတိုးပွားလာပြီး ဆေးရုံဆေးခန်းတွင် မွေးဖွားခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည်ဆိုသော အသိပညာများ ရရှိသွားကြပါသည်။

အစီအစဉ်(၇)ဖြစ်သည့် ကိုယ်ဝန်ဆောင်စဉ် အမျိုးသားများ၏ဖေးမမှုအကြောင်း ပညာပေးအစီအစဉ်တွင် -

(က) ကိုယ်ဝန်ဆောင်ချိန်တွင် အမျိုးသားများပံ့ပိုးရမည့်ကဏ္ဍများ၊

(ခ) ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးမီးဖွားစဉ်အတွင်း အမျိုးသားများသိရမည့်အချက်များ၊

(ဂ) အမျိုးသားများအားရည်ရွယ်ပြီး မိခင်နှင့်ကလေး ကျန်းမာရေးအသိပညာပေးခြင်း စသည်တို့ပါဝင်ပါသည်။ သောတရှင်များသည် ယခင်က အမျိုးသမီးကိုယ်ဝန်ဆောင်စဉ် အိမ်မှုကိစ္စများအား ကူညီလုပ်ဆောင်ပေးရကောင်းမှန်း မသိခဲ့ကြသော်လည်း နားဆင်ပြီးချိန်တွင် မိမိတို့တတ်နိုင်သလောက် ဝိုင်းဝန်းကူညီပေးရန်လိုအပ်ကြောင်း အသိပညာများ၊ ဆေးရုံဆေးခန်းသို့ မိမိတို့၏ဇနီး ကိုယ်ဝန်သွားပြချိန်တွင် မိမိပါ အတူလိုက်သွားပြီး ကိုယ်ဝန်ရာဇဝင်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာများကို မိမိတို့က သိရှိထားရန်လိုအပ်သည်ဆိုသော ဗဟုသုတများ ရရှိစေပြီး အမျိုးသမီးကိုယ်ဝန်ဆောင်ချိန်တွင် အမျိုးသား၏ အခန်းကဏ္ဍအရေးပါမှုကို ပိုမိုသိမြင်နားလည်လာကြပါသည်။

အစီအစဉ်(၈)ဖြစ်သော ကလေးများတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ပညာပေးအစီအစဉ်တွင်-

(က) မွေးကင်းစကလေးများတွင် ဖြစ်ပွားတတ်သောရောဂါများ

(ခ) ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား အသက်အလိုက် သတ်မှတ်ထားသော ကာကွယ်ဆေးများကို ဆေးထိုးရမည့်လများအတွင်း မပျက်မကွက်ထိုးနှံကြရန်၊

(ဂ) ကလေးများအား ပြုစုယုယရမည့်နည်းလမ်းများ၊

(ဃ) နေအိမ်ပတ်ဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်ပြီး သဘာဝအလင်းရရှိရန်၊ ကလေးငယ်များအိပ်စက်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ရန်၊

(င) ကလေးငယ်များ ရောဂါလက္ခဏာတစ်ခုခုဖြစ်ပါက ဆေးရုံဆေးခန်းသို့ အမြန်သွားပြီး နားလည်တတ်ကျွမ်းသူများ၏ ကုသမှုခံယူရန် စသည့်အချက်များပါဝင်ပါသည်။ နားဆင်သူသောတရှင်များသည် ကလေးများတွင်ဖြစ်ပွားတတ်သော ရောဂါလက္ခဏာများကိုလည်း နားလည်သိရှိလာကြခြင်း၊ ကလေးများအား ပြုစုယုယရမည့်နည်းမှန်လမ်းမှန်များ သိရှိလာခြင်း၊ ကာကွယ်ဆေးထိုးပါက ကလေးငယ်များ နေထိုင်မကောင်းဖြစ်တတ်သည်ဆိုသော ရှေးရိုးစွဲအယူအဆများ မှားမှန်းသိလာကြခြင်း စသည့်ဗဟုသုတများတိုးပွားလာကြကြောင်း စစ်တမ်းရလဒ်များအရ သိရှိခဲ့ရပါသည်။

မမဦး အစီအစဉ်၏ အကျိုးသက်ရောက်မှုကို သိရှိနားလည်ရန် ၎င်းအစီအစဉ်များကို နားဆင်သူ ၅၄ ဦး နားမဆင်သူ ၄၀ ဦး ပါဝင်စေလျက် Mixed Method ပုံစံဖြင့် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဦးတည်ရာပရိသတ် Target Oudience နှင့်ပတ်သက်ပြီး အဆိုပါ ရေဒီယိုဇာတ်လမ်းတွဲ၏ အကျိုးသက်ရောက်မှုများကို အထက်ဖော်ပြပါအတိုင်း တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ သုတေသနစစ်တမ်းကောက်ယူမှုကို Burnet Institute အဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV (Myanmar Radio & Television) နှင့် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း နိုင်ငံတကာဖွံ့ဖြိုးရေးဌာန ABCID (Australian Broadcasting Corporation International Development)တို့၏ ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်လာသော မမဦး ရေဒီယိုဇာတ်လမ်းတွဲအစီအစဉ်များသည် မိခင်နှင့်ကလေးကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို ဖျော်ဖြေမှုပုံစံ Infotainment အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးခြင်းဖြစ်ပြီး Burnet Institute Myanmar၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားကျန်းမာရေးဆိုင်ရာ အဓိကပုဂ္ဂိုလ် Stakeholders များ၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်ပင်ဖြစ်ပြီး မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာများပြန့်ပွားစေရန် ရည်ရွယ်ခဲ့ပါသည်။ ရည်ရွယ်ချက်များလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါသည်။

ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲနေသော မြန်မာ့အသံသည် ပြည်သူ့အတွက် မြန်မာ့အသံဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာမီဒီယာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကာ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို စွမ်းအားပြည့် သယ်ပိုးဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ မြန်မာ့အသံရှေ့ခေတ်ဆီသို့ ဦးတည်ကြိုးပမ်းလျှောက်လှမ်းလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။


GOLDEN CITY Phase II Launching
In January
ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်နိုင်ခြင်း နှင့် ကြည်နူးလှပသော
အင်းလျားကန်ရေပြင်အား ကြည့်ရှုခံစားနိုင်မည့် လှပဆန်းသစ်သော
နှစ်သက်ဖွယ်ရာအိမ်ခန်းများကို စတင်ရွေးချယ်နိုင်ပါပြီ...
အခန်းရွေးချယ်သူများအား
- Additional 5% Discount
Gold Card Member - Additional 5% Discount
အိပ်ခန်းတစ်ခန်း- အနည်းဆုံးဈေး ကျပ်သိန်း ၁၃၀၀
အိပ်ခန်းနှစ်ခန်း - အနည်းဆုံးဈေး ကျပ်သိန်း ၂၂၀၀
အိပ်ခန်းသုံးခန်း - အနည်းဆုံးဈေး ကျပ်သိန်း ၃၃၀၀
GOLDEN CITY
LIVE THE GOLDEN CITY LIFE
Hotline: +95(0)1-8605111 +95(0)1-8605222

# THE G•E•M•S

Garden Condominiums

အဆင့်အတန်းမြင့်သော လူနေမှုဘဝအား သားစဉ်မြေးဆက်ပိုင်ဆိုင်နိုင်မှုနှင့်အတူ စော်စီစတိုင်ကျသော နေထိုင်မှုကို ရရှိ ခံစားနိုင်မည့်နေရာ...



[illegible]





တည်ဆောက်မည့် နေရာနှင့် အရောင်းပြခန်းလိပ်စာ

အမှတ် ၁၁၃၊ အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်။

၀၁ ၅၂၆၁၃၄၆၊ ၀၁ ၅၂၆၁၃၄၈၊ ၀၁ ၅၂၆၁၃၇၀

CAPITAL DEVELOPMENT LIMITED

Quality Developer Reliable Developer Responsible Developer


68 RESIDENCE CONDOMINIUM
We Define Lifestyle
UNITED
SOMERSET SERVICED RESIDENCE
More than
84%
Sold Out
၂၀၁၅ ခုနှစ်
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
SERVICED RESIDENCE
SCI BUILD
1st Prize
2nd Prize
3rd Prize
CONDOMINIUM
BMW 528 BRAND NEW
GIA(3)
CONDOMINIUM LAW
SHOWROOM:
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4300 21758, 09-540 7541, 09-2501 41060
OPEN DAILY


ပြည့်စုံမျှတ နေ့စဉ်အာဟာရ Ensure Life
COMPLETE AND BALANCED NUTRITION
PAHTAMA
Abbott


FIRE Safe
မီးသတ်ဆေးဘူး
09 440 444444 / 09 456 222222




Spillova
Spirulina


Sweety
၁၀.၁.၂၀၁၅ မှ ၁၀.၄.၂၀၁၅ အထိ
- I Phone 6 plus
- Samsung Note 4
- I Pad Air
- Samsung Galaxy Neo
- Power Bank
Phone Memory Card